# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၄၅)၊ ၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်နေ့၊ ၁၃–၁–၂၀၂၅၊ တနင်္လာနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

အနည်းငယ်မျှသော ချမ်းသာကို စွန့်ခြင်းကြောင့် ကြီးကျယ်သော ချမ်းသာကို အကယ်၍ မြင်ခဲ့လျှင် ပညာရှိသည် ထိုကြီးကျယ်သော ချမ်းသာကို မြင်လျက် အနည်းငယ်မျှသော ချမ်းသာကို စွန့်ရာ၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် အဖွဲ့ဝင်များ ပူတာအိုမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး၊ ဒေသခံတိုင်းရင်းသား ပြည်သူများနှင့်တွေ့ဆုံ

မြစ်ကြီးနား ဇန်နဝါရီ ၁၂

ကချင်ပြည်နယ် ပူတာအိုမြို့၌ ရောက်ရှိနေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် အဖွဲ့ဝင်များနှင့်အတူ ပူတာအိုမြို့ မြို့မရပ်ကွက်အတွင်းရှိ တောင်တန်းသာသနာပြုဗဟိုကျောင်း ကျောင်းထိုင်ဆရာတော်အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစာရဉာဏနှင့် သံဃာတော်များအား သွားရောက်ဖူးမြော်ကြည်ညိုပြီး သာသနာရေးဆိုင်ရာများ လျှောက်ထား၍ အလှူငွေကျပ်သိန်း၃၀၊ ဆန်အိတ် ၅၀ နှင့် စားဆီငါးပုံးတို့ကို လှူဒါန်းသည်။ ဆက်လက်၍ မချမ်းဘောမြို့နယ်အတွင်း တည်ထားကိုးကွယ်သော ရှေးဟောင်းသမိုင်းဝင်ကောင်းမှုလုံစေတီတော်သို့သွားရောက်ဖူးမြော်ကြည်ညိုပြီး စေတီတော်ဘက်စုံပြုပြင် မွမ်းမံနိုင်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပူတာအိုမြို့နယ်အတွင်းရှိ တပ်နယ် ဧက ၅၀၀ ဘက်စုံ စိုက်ပျိုးမွေးမြူရေးခြံ (နမ့်တာလဲ)၌ သီးပင်စားပင် စိုက်ပျိုးထားရှိမှု၊ ဥစားကြက်နှင့် အသားတိုးဝက်များ မွေးမြူထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးဆောင်ရွက်နိုင်မှုနှင့် ဒေသတွင်း ပြန်လည်ရောင်းချပေးနိုင်သည့် အခြေအနေများကို မေးမြန်းဆွေးနွေးကာ မွေးမြူရေးအထောက်အကူပြု ဆေးဝါးများနှင့် စွမ်းအားပြည့် ဖြည့်စွက်အစာအိတ်များကို ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် အဖွဲ့ဝင်များနှင့်အတူ ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ ကျင်းပသည့် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း မချမ်းဘောမြို့နယ်အတွင်း တည်ထားကိုးကွယ်သော ရှေးဟောင်းသမိုင်းဝင်ကောင်းမှုလုံစေတီတော် ဘက်စုံပြုပြင်မွမ်းမံနိုင်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

ထိုသို့တွေ့ဆုံစဉ် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးထွန်းက ပူတာအိုဒေသဆိုင်ရာ အချက်အလက်များကို လည်းကောင်း၊ မြို့မိ မြို့ဖများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ ခေါင်းဆောင်များက ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လိုအပ်ချက်များကို လည်းကောင်း တင်ပြကြရာ သက်ဆိုင်ရာကဏ္ဍအလိုက် ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

စာမျက်နှာ ၃ သို့ ✪

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

နေပြည်တော် ဇန်နဝါရီ ၁၂

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးအနည်းငယ် ရွာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

မိုး/ဇလ

## ယနေ့ ဖတ်စရာအညွှန်း


ထိရောက်သည့် ရာသီတုပ်ကွေးရောဂါကာကွယ်ဆေး စတန်းဖို့ဒ်တက္ကသိုလ်မှ သုတေသီများ ဖော်စပ်နိုင်

စာမျက်နှာ ၇

ဒူဆာနော့ပ်အား ခေါ်ယူရန် မန်ချက်စတာစီးတီးအသင်း သဘောတူညီမှုရရှိ

စာမျက်နှာ ၁၁

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၁၃ ရက် ၊ တနင်္လာနေ့ ။

မန္တလေး နေ့စဉ်

# ထူးခြားသည့် ပြာသိုလနှင့် အမေနေ့

ပြာသိုလသည် မြန်မာလများတွင် ဆယ်လမြောက်သောလဖြစ်ပြီး ထူးခြားသောလလည်းဖြစ်သည်။ ပြာသိုလမှာ မြန်မာ့သမိုင်းအတွက် ထူးခြားမှုအပေါင်းသရဖူဆောင်းသောလလည်းဖြစ်သည်။ သူ့ကျွန်မခံလိုသော မြန်မာများသည် လွတ်လပ်ရေးရရှိရန်အတွက် ကြိုးပမ်းခဲ့ကြသည်။ မြန်မာတို့၏ သူရသတ္တိနှင့်ဇွဲ၊ လုံ့လတို့ကြောင့် ကိုလိုနီခေတ် သူ့ကျွန်ဘဝမှ လွတ်မြောက်ခဲ့ကြသည်။ လွတ်လပ်ရေး စတင်ရရှိခဲ့သောနေ့မှာ မြန်မာသက္ကရာဇ် ၁၃၀၉ ခုနှစ် ပြာသိုလဆုတ် ၉ရက်နေ့ပင်ဖြစ်သည်။ ပြာသိုလသည် မြန်မာ့သမိုင်းတွင် မော်ကွန်းတင်ထိုက်သော လဟုပင်ဆိုနိုင်ပါသည်။

ထို့ပြင် ပြာသိုလပြည့်နေ့ကို အမေများနေ့ဟု သတ်မှတ်ပြီး မြန်မာနိုင်ငံ၏နေရာအနှံ့တွင် ကျင်းပကြသောကြောင့်ဖြစ်သည်။ မြန်မာနိုင်ငံ၏ အမေများနေ့ကို ဆရာကြီးဦးသုခက စတင်သတ်မှတ်ပေးခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် အမေများနေ့အဖြစ် သတ်မှတ်ရာ၌ အမျိုးသားစာဆို စာရေးဆရာကြီးဦးသော်ဇင်၊ စာရေးဆရာကြီး ဒဂုန်ဦးစန်းငွေ၊ စာရေးဆရာကြီး ဦးရန်အောင်၊ စာရေးဆရာကြီး တက်တိုး၊ စာရေးဆရာမကြီး လူထုဒေါ်အမာ၊ စာရေးဆရာမကြီး ဒေါ်စောမုံညင်း၊ စာရေးဆရာမကြီး ဒေါ်ခင်မျိုးချစ်စသည့် စာပေပညာရှင်များက ဆရာကြီး ဦးသုခနှင့်အတူ တစ်စိတ်တစ်ဝမ်းတည်း ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

ပြာသိုလပြည့်နေ့တိုင်းကို အမေနေ့အဖြစ် ကျင်းပနိုင်ရန်စာပေပညာရှင်များက ကြိုးစားနေစဉ် ၁၉၉၅ ခုနှစ်တွင် မန္တလေးမှ အမေမြတ်နိုးသူများက ဆရာကြီး ဦးသုခကို အမေနေ့သတ်မှတ်ပေးရန် ပူဆာတိုက်တွန်းခဲ့ခြင်းကြောင့် မန္တလေးမြို့တွင် ဆရာကြီး ဦးသုခကိုယ်တိုင်ဟောပြောကာ ပြာသိုလပြည့်နေ့ကို အမေများနေ့ဟု သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ အမေများနေ့ကို မြန်မာနိုင်ငံတွင်သာမက ကမ္ဘာပေါ်ရှိ နိုင်ငံများမှလည်း ကျင်းပကြသည်။ ကမ္ဘာ့မိခင်နိုင်ငံများ ဖြစ်ပေါ်လာပုံမှာ စာရေးဆရာမ၊ ကထိက၊လူမှုရေး ပြုပြင်သမားဖြစ်သူ မစ္စဂျူလီယာသည် ဘော်စတွန်မြို့ရှိ သူမ၏နေအိမ်၌ မိခင်များနေ့ကို ၁၈၇၂ ခုနှစ်တွင် စတင်ကျင်းပခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့မိခင်များနေ့ကို မေလ၏ ဒုတိယ တနင်္ဂနွေနေ့တိုင်း ကျင်းပလေ့ရှိသည်။

ဤကမ္ဘာပေါ်တွင် အမေ့ကျေးဇူးနှင့် ကင်းနိုင်သူမရှိပါ။ မိခင်များ၏ကျေးဇူးသည်လည်းဆပ်၍မကုန်သော အနန္တပင်ဖြစ်သည်။ မိခင်များ၏ အလုဆုံးအချိန်မှာ သားသမီးများကိုနို့ချိုတိုက်ကျွေးပြီး တစိမ့်စိမ့်ကြည့် နေသောအချိန်ဖြစ်သည်။ မိခင်များသည် ရင်သွေးငယ်တစ်ဦးက ကလလရည်ကြည် ပဋိသန္ဓေတည်ပြီဆိုကတည်းက မမြင်ရသေးသည့် သားသမီးအပေါ် မေတ္တာစိတ်များ စတင်ကာ တဖွားဖွားဖြစ်ပေါ်လျက်ရှိသည်။ ရင်သွေးကိုထိခိုက်မည်စိုး၍ သူတို့ကြိုက်နှစ်သက်သော ပူ၊ ငန်၊ စပ်၊ ခါးမှန်သမျှကို ရှောင်ကြဉ်သကဲ့သို့ အသွားအလာ အနေအထိုင်အားလုံးကိုလည်း ဆင်ခြင်ခဲ့ကြသူများဖြစ်သည်။

အမေများသည် သူတို့၏အလှအပကို ပျက်စီးလျှင်ပျက်စီးပါစေ ရင်သွေးငယ်များကိုမိခင်နို့တိုက်ရမှသာ ကျေနပ်ကြသူများလည်းဖြစ်သည်။ နို့ရည်ဆိုသည်မှာလည်း မိခင်များ၏ ကြီးမားသောမေတ္တာများကြောင့် အနီရောင်သွေးစစ်စစ်မှ အာဟာရပြည့်ဝသော အဖြူရောင်နို့ရည်ကြည်အဖြစ် ပြောင်းလဲသွားခြင်းဖြစ်သည်။

သို့ဖြစ်ရာ ထူးခြားသည့်ပြာသိုလနှင့် အမေနေ့မှ စတင်ကာ လူသားတိုင်း မွေးမိခင်၊ မွေးဖခင်များအပေါ် ကျေးဇူးဆပ်နိုင်အောင် တတ်နိုင်သမျှ ကြိုးစားရမည်ဖြစ်သည်။

အမေများ၏မေတ္တာသည် ဘယ်လောက်တိုင်းတာတိုင်းတာ၊ ဘယ်လိုနှိုင်းဆနှိုင်းဆ၊ ဘယ်လောက် ပေးဆပ်ပေးဆပ် မကျေနိုင်သောစနစ်ရေမေတ္တာရှင်များဖြစ်သည်ဟု တင်ပြရင်း ကမ္ဘာပေါ်ရှိ အမေများအားလုံးကို ဦးညွှတ်ဂါရဝပြုရေးသားလိုက်ရပေသည်။

## သရက်မြို့နယ် ရေပေါ်ကျွန်းကျေးရွာ၌ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်လှစ်



**သရက် ဇန်နဝါရီ ၁၂**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ သမဝါယမနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၊ သရက်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ လူသုံးကုန် ထုတ်လုပ်မှုနည်းပညာ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ရေပေါ်ကျွန်းကျေးရွာတွင် ကျင်းပခဲ့ရာ ဖိတ်ကြားထားသော ဌာနဆိုင်ရာများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သရက်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးက အဖွင့်အမှာစကားပြောကြားပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးလင်းထက်အောင်က သင်တန်းနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် သင်တန်းတွင်အသုံးပြုရန် ကုန်ကြမ်းပစ္စည်းများအား သရက်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က သင်တန်းသူများအား ပေးအပ်ခဲ့သည်။

အဆိုပါ သင်တန်းသည် သင်တန်းသူ (၂၀)ဦးတို့အား အဝတ်လျှော်ဆပ်ပြာဆီ၊ ပန်းကန်ဆေးဆပ်ပြာဆီ၊ ဘက်စုံသုံးဆပ်ပြာဆီ၊ သဘာဝခေါင်းလျှော်ရည်၊ ရေချိုးဆပ်ပြာ၊ ဆံသားအားဖြည့်ပေါင်းဆီ၊ ကော်ဖီဆပ်ပြာခဲ၊ ဆံဆပ်ပြာခဲ၊ ရှားစောင်းဆပ်ပြာခဲ၊ ခရမ်းချဉ်သီးဆပ်ပြာခဲ၊ Body Scrub၊ Foot Scrub ပြုလုပ်နည်းတို့အား စာတွေ့၊ လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း သရက်ခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ သိရသည်။

(အပေါ်ဝဲပုံ)

**ဇော်ဝမ်းထွန်း(အောင်လံ)**

## မြစ်သားမြို့နယ် ကျန်တောကျေးရွာအုပ်စု ကွင်းအမှတ်(၄၈၉)ကွင်းအတွင်းရှိ ကုလားပဲစိုက်ခင်းများအောင်မြင်ဖြစ်ထွန်း

**မြစ်သား ဇန်နဝါရီ ၁၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ ကျန်တောကျေးရွာအုပ်စု ကွင်းအမှတ်(၄၈၉)ကွင်း အတွင်းရှိ ကုလားပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ဈေးကောင်းရရှိရန် ဒေသခံတောင်သူများမျှော်လင့်နေကြောင်း သိရသည်။

ယခုနှစ်အတွက် မြစ်သားမြို့နယ်အတွင်းရှိ ကုလားပဲစိုက် ဧက(၂၂၄၀၀)ကို စိုက်ပျိုးရန်လျာထားဆောင်ရွက်ခဲ့ရာ ဒေသခံတောင်သူများအနေဖြင့် ယခုနှစ် ကုလားပဲစိုက် ဧက(၂၁၃၆၀)ကို စိုက်ပျိုးနိုင်ခဲ့ပြီး ကျန်ရှိသော ဧကများကိုလည်း ဆက်လက်၍ စိုက်ပျိုးလျက်ရှိကြောင်း၊ အဓိကအားဖြင့် ဒေသရာသီဥတုနှင့် ကိုက်ညီပြီး အထွက်နှုန်းပိုမိုကောင်းမွန်သည့်ရေဆင်း(၇)နှင့် ရေဆင်း(၈)မျိုးကိုရွေးချယ်စိုက်ပျိုးလျက်ရှိကြသည်။ ကုလားပဲ တစ်ဧကစိုက်ပျိုးရာတွင် ကုန်ကျစရိတ်ဖြစ်သော မျိုးစေ့ဝယ်ယူခြင်း ၊ ထွန်ရှင်းခပေးချေခြင်းနှင့် ပိုးသတ်ဆေးဖိုးအပါအဝင် ငွေကျပ် လေးသိန်းခန့်ကုန်ကျကြောင်း၊ ကုလားပဲပေါ်ချိန်တွင် ဝယ်ယူသည့် ဈေးနှုန်းသင့်တင့်ရှိသည့်အတွက် အမြတ်ငွေရရှိရန်နှင့် ဈေးကောင်းရရှိရန် မျှော်လင့်ကြောင်း၊ ဒေသခံတောင်သူများနှင့် ကျန်တောကျေးရွာအုပ်စုအတွင်းရှိ ကုလားပဲစိုက်တောင်သူများထံမှ သိရသည်။



(အပေါ်ပုံ)

**ဝင်းမင်းထွန်း(ပြန်/ဆက်)**

၀-၀-၀-၀-၀

## မန္တလေးမြို့ ဗထူးအားကစားကွင်း၌ ပထမအကြိမ် လက်မောင်းလှဲပြိုင်ပွဲကျင်းပ

**မန္တလေး ဇန်နဝါရီ ၁၂**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၂၉လမ်းနှင့် လမ်း၃၀ ကြား၊ ၇၁လမ်းရှိ ဗထူးအားကစားကွင်းတွင် မေမေဂျယ်လီအချိုရည်နှင့် KLK ARMWRESTLING MYANMAR တို့ ပူးပေါင်းစီစဉ်ကျင်းပသော ပထမအကြိမ်လက်မောင်းလှဲပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီက ကျင်းပပြုလုပ်သည်။

အခမ်းအနားတွင် မေမေဂျယ်လီအချိုရည်မှ ဝန်ထမ်းများက မင်္ဂလာပါသီချင်းဖြင့် ဖျော်ဖြေဧည့်ခံသည်။

ထို့နောက် အခမ်းအနားကျင်းပရခြင်းရည်ရွယ်ချက်အား မေမေဂျယ်လီအချိုရည်မှ မန်နေဂျာ ဒေါ်ဇာခြည်ဇော်ထွန်းက ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး KG တန်းများအလိုက် လက်မောင်းလှဲပြိုင်ပွဲများကို ကျင်းပသည်။ ယင်းနောက် မေမေဂျယ်လီအချိုရည်မှ ဝန်ထမ်းများက လောကအားမာန်သီချင်းဖြင့် ကပြဖျော်ဖြေပြီး ပြိုင်ပွဲတွင် ဆုရရှိသူများကိုကြေညာခြင်း၊ တာဝန်ရှိသူများက ဆုရရှိသူများအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ပြီး KLK ARMWRESTLING MYANMAR ၏ Founder ကို ကောင်းလင်းခန့်က ကျေးဇူးတင်စကားပြောကြားသည်။

ပထမအကြိမ် လက်မောင်းလှဲပြိုင်ပွဲတွင် WEIGHT တန်းများအလိုက် ပြိုင်ပွဲဝင်အားကစားသမား (၂၀၀)ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုကြေးများအဖြစ် UNDER 60 KG ပထမဆု ငွေကျပ် ၃၅ သိန်း၊ ဒုတိယဆု ငွေကျပ် ၂၅ သိန်း၊ တတိယဆု ငွေကျပ် ၁၅ သိန်း 90 KG မှ 70 KG တန်းတွင် ပထမဆု ငွေကျပ် ၂၀ သိန်း၊ ဒုတိယဆု ငွေကျပ် ၁၅ သိန်း၊ တတိယဆု ငွေကျပ် ၁၀ သိန်း၊ OVER 70 KG တန်းတွင် ပထမဆု ငွေကျပ် ၂၀ သိန်း၊ ဒုတိယဆု ငွေကျပ် ၁၅သိန်း၊ တတိယဆု ငွေကျပ် ၁၀သိန်းတို့ကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ) ကျော်မင်းသော်**



**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှတစ်ဆင့် အချိန်မီ ပေးပို့နိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၄၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ပူတာအိုမြို့နယ်အတွင်းရှိ တပ်နယ် ဧက ၅၀၀ ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံ (နမ့်တာလဲ) တွင် မွေးမြူရေးအထောက်အကူပြုဆေးဝါးများနှင့် စွမ်းအားပြည့် ဖြည့်စွက်အစာအိတ်များ ပေးအပ်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဘာသာရေးအဖွဲ့ ၁၃ ဖွဲ့အတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

✪ ရှေ့ဖုံးမှ

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ ဖွံ့ဖြိုးတိုးတက်စေရေး ကူညီဆောင်ရွက်ပေးလျက်ရှိသည့်အပြင် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ကို တိုးတက်ဖြစ်ထွန်း စေရန်နှင့် တိုင်းရင်းသားများ၏ လူမှုစီးပွား ဘဝ ပိုမိုတိုးတက်ဖွံ့ဖြိုးရေးကို အလေးအနက်ထား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပူတာအိုဒေသခံများအနေဖြင့် ဒေသတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့လုပ်ဆောင်ပြီး စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ၊ MSME လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်း ဝမ်းစာဖူလုံအောင်ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် အဖွဲ့ဝင်များသည် ဘာသာရေးအဖွဲ့ ၁၃ ဖွဲ့အတွက် ဂုဏ်ပြုချီးမြှင့်ငွေများ၊ ဝန်ထမ်းများအတွက် အခြေခံစားသောက်ကုန်များ၊ ပူတာအိုမြို့နယ်နှင့် မချမ်းဘောမြို့နယ် ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များအတွက် ချီးမြှင့်ငွေများ၊ စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များအတွက် DTH စလောင်းအစုံ ၃၀၊ တောင်သူများအတွက် အစေ့ထုတ်ပြောင်းနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့အိတ်များ၊ အိမ်သုံး ဆိုလာအစုံ ၅၀၊ နိုင်ငံတော်မှ အခမဲ့ပေးအပ်သည့် ကျောင်းသုံးဗလာစာအုပ်များ ချီးမြှင့်ပေးအပ်ကြပြီး ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ဒေသထွက် အသင့်စားထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုအားပေးကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် အဖွဲ့ဝင်များ ပူတာအိုမြို့ဖုန်ကန်ရာဇီခန်းမ၌ ခင်းကျင်းပြသထားသည့် ဒေသထွက် အသင့်စားထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုအားပေးစဉ်။

ဆက်လက်၍ ပူတာအိုမြို့မ ရပ်ကွက်အတွင်းရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (ပူတာအို)၌ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ အားပေးစကားပြောကြားပြီး ချီးမြှင့်ငွေများ၊ ကျောင်းဝတ်စုံများ၊ ကျောင်းသုံးပစ္စည်းများနှင့် အားကစားအထောက်အကူပြု ပစ္စည်းများ ပေးအပ်ချီးမြှင့်၍ သင်တန်းကျောင်းဝင်းအတွင်းရှိ စားရိပ်သာနှင့် ကျောင်းသား ကျောင်းသူ အိပ်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယမန်နေ့ ညနေပိုင်းက ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ခါကာဘိုရာဇီရိပ်သာ ဧည့်ခန်းမဆောင်၌ ပူတာအိုဒေသအတွင်းရှိ ဘာသာရေး အသင်းအဖွဲ့များမှ ခေါင်းဆောင်များ၊ စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်း၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(ပူတာအို)၌ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**တိမ်အသင့်အတင့် ဖြစ်ထွန်းမည်**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မိုး/ဇလ**

သတင်း-စာမျက်နှာ ၂၄





## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက မန္တလေးတိုင်းဒေသကြီးအတွင်း B.O.T စနစ်ဖြင့် လမ်းတံတားများ ဆောင်ရွက်နေမှုများအား ကွင်းဆင်းစစ်ဆေး

**မန္တလေး ဇန်နဝါရီ ၁၂**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ မန္တလေးတိုင်းဒေသကြီးအတွင်း B.O.Tစနစ်ဖြင့် လမ်းတံတားများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် လုပ်ငန်းစီမံချက်နှင့် ပြီးစီးမှုအခြေအနေများနှင့်ပတ်သက်၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများဖြစ်သည့် သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်၊ လမ်းပန်းဆက်သွယ်ရေးရာဝန်ကြီးဦးအောင်ဇော်ဦးနှင့် တာဝန်ရှိသူများက ယမန်နေ့က ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိတ္ထီလာမြို့နယ်အတွင်း မိတ္ထီလာ-ကျောက်ပန်းတောင်းလမ်း ၂၅/၀ မိုင်မှ ၂၅/၁မိုင်ကြား၊ ကျောက်ပန်းတောင်းမြို့နယ်အတွင်း မိတ္ထီလာ-ကျောက်ပန်းတောင်းလမ်း ၄၁/၂ မိုင်နှင့် ၄၁/၃မိုင်ကြား၊ ညောင်ဦးမြို့နယ်အတွင်း ကျောက်ပန်းတောင်း-ညောင်ဦး-ပုဂံလမ်း ၀/၀ မိုင် မှ ၃၃/၄ မိုင်ကြားတို့တွင် ၂၄ ပေ အကျယ်လမ်းမျက်နှာပြင်အနိမ့်အမြင့်ညှိ၍ ကတ္တရာရေပိတ်လွှာလောင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးခဲ့ရာတိုင်းဒေသကြီးလမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး(မြို့ပြ)ဦးအောင်ထွန်းနှင့် မြတ်နိုးသူကုမ္ပဏီမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများအား ရှင်းလင်းတင်ပြရာ ဝန်ကြီးများက လုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးရေးနှင့် စံချိန်စံညွှန်းပြည့်မီရေး အလေးထားဆောင်ရွက်ရန်တို့ကိုမှာကြားပြီးနောက် လိုအပ်သည်များကို ဖြည့်စွက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၄)**





## ပခုက္ကူတက္ကသိုလ်၌ အဝေးသင် သင်တန်း တတိယအကြိမ်ဘွဲ့နှင်းသဘင် ကျင်းပ

**ပခုက္ကူ ဇန်နဝါရီ ၁၂**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာရေးဦးစီးဌာန၊ ပခုက္ကူတက္ကသိုလ်၏ ၂၀၂၄ ပညာသင်နှစ်၊ အဝေးသင် သင်တန်း တတိယအကြိမ်ဘွဲ့နှင်းသဘင်အခမ်းအနားကို အဆိုပါတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ယနေ့နံနက် ၉ နာရီက ဆက်လက်ကျင်းပသည်။

အခမ်းအနားတွင် ပခုက္ကူတက္ကသိုလ်၊ ခေတ္တပါမောက္ခချုပ် ဒေါက်တာ တင်ထွန်းအောင်က ၂၀၂၄ ပညာသင်နှစ်တွင် ကျင်းပပြုလုပ်ခဲ့သော အဝေးသင် သင်တန်းစာမေးပွဲများ၌ ဖြေဆိုအောင်မြင်ခဲ့ကြသည့် ဘွဲ့ရမောင်မယ် ကျောင်းသား၊ ကျောင်းသူ ၁၅၅ ဦးတို့အား ဘွဲ့များအသီးသီးအပ်နှင်းခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)(၃၄၀)**



## အမှတ်(၁၀)အခြေခံပညာအထက်တန်းကျောင်း၊ ပညာရေးစုံညီပွဲတော်ကျင်းပ၊ ဆုများချီးမြှင့်

**မန္တလေး ဇန်နဝါရီ ၁၂**

အမှတ်(၁၀)အခြေခံပညာအထက်တန်းကျောင်း၂၀၂၄/၂၀၂၅ ပညာသင်နှစ်၊ ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၁၁ ရက် နံနက် ၉နာရီက အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်း၊ မြနန္ဒာခန်းမတွင်ကျင်းပသည်။

အခမ်းအနားတွင် အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "ကြိုဆိုပါသည် စုံညီပွဲတော်" သီချင်းဖြင့်အခမ်းအနားဖွင့်လှစ်ပြီး ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးဌေးကြွယ် အဖွင့်အမှာစကားပြောကြားပြီးကျောင်းအုပ်ဆရာမကြီးဒေါ်ခင်စန္ဒာဝင်းမှ ကျောင်းသား၊ ကျောင်းသူများ၏ ပညာရေးဆိုင်ရာများကို ပြောကြားသည်။ ထို့နောက် ၂၀၂၄ ပညာသင်နှစ်တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သောကျောင်းသား၊ ကျောင်းသူများ၊ တိုင်းဒေသကြီး၊ ခရိုင်အားကစားပြိုင်ပွဲ၊ ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲ၊ စာစီစာကုံး၊ ကဗျာပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများ၊ အတန်းလိုက်ပညာရည်ချွန်ဆုရရှိသူများ၊ ယဉ်ကျေးလိမ္မာစာမေးပွဲတွင် ဓမ္မသံတော်ဆင့်စာပေတိုက်မှ ချီးမြှင့်သောဆုများအား မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ် ဆရာမကြီး၊ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ပြီးပညာရေးစုံညီပွဲတော်ဖြစ်မြောက်ရေးအတွက် ပံ့ပိုးကူညီသူများကို ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက တေးသရုပ်ဖော်အကများဖြင့် ဖျော်ဖြေသည်။ အခမ်းအနားသို့ ပညာရေးကောလိပ် ဒုတိယကျောင်းအုပ်ကြီးနှင့် ဖိတ်ကြားထားသူများ၊ အလှူရှင်များ၊ ကျောင်းသားမိဘများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(၀၄၅)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း သုတေသနဌာနခွဲ (ပြင်ဦးလွင်)နှင့် MSME များ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၂

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည်ယမန်နေ့က မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ သုတေသနဌာနခွဲ (ပြင်ဦးလွင်)၌ MSME လုပ်ငန်းများ၏ စားသောက်ကုန်များ၊ စက်မှုလုပ်ငန်းများမှ ထွက်ရှိသည့် စွန့်ပစ်ရေများကို စမ်းသပ်စစ်ဆေးပေးနိုင်ရန် ဓာတ်ခွဲခန်းဖွင့်လှစ်နိုင်ရေး ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

### အချိန်မီဖြည့်ဆည်းဆောင်ရွက်ပေး

ထိုသို့စစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ဓာတ်ခွဲခန်းဖွင့်လှစ်မည့် အဆောက်အအုံကို ကောင်းမွန်သော ဓာတ်ခွဲခန်းအလေ့အကျင့် (GLP) များနှင့်အညီ တိတိကျကျ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ဓာတ်ခွဲခန်းကို MSME များ ဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူဖြစ်စေရန်၊ ဓာတ်ခွဲခန်းအတွက် လိုအပ်သောစက်ပစ္စည်းကိရိယာများအား အချိန်မီဖြည့်ဆည်းဆောင်ရွက်ပေးရန်တို့ကို မှာကြားခဲ့သည်။

### ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေး

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာမြို့နယ် ကံဦးစံပြကျေးရွာရှိ အသားခြောက်လုပ်ငန်းနှင့် အေးခဲသားများထုတ်လုပ်သည့် လုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်အနေဖြင့် MSME များ ဖွံ့ဖြိုးတိုးတက်အောင် တွန်းအားပေးဆောင်ရွက်လျက်ရှိသဖြင့် ထုတ်လုပ်မှုလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်ရန်၊ လုပ်ငန်းဆောင်ရွက်နေစဉ် တွေ့ကြုံရသည့် အခက်အခဲများရှိပါက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးနိုင်ရေးအတွက် ပွင့်ပွင့်လင်းလင်း တင်ပြရန်၊ စားသောက်ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်နေခြင်းဖြစ်၍ ကျန်းမာရေးနှင့်ညီညွတ်သည့် ထုတ်ကုန်များဖြစ်စေရေး အလေးထားဆောင်ရွက်ရန်၊ လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ရန် ဆွေးနွေးပြောကြားကာ လုပ်ငန်းရှင်များ၏ တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မိတ္ထီလာမြို့နယ် ကံဦးစံပြကျေးရွာရှိ အသားခြောက်လုပ်ငန်းနှင့် အေးခဲသားများ ထုတ်လုပ်သည့် လုပ်ငန်းများအား ကြည့်ရှုစစ်ဆေးစဉ်။

# (၇၃)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် ဌာနဆိုင်ရာများနှင့် MSME ပြခန်းများဖွင့်ပွဲအခမ်းအနားကျင်းပ

လွိုင်ကော် ဇန်နဝါရီ ၁၂

ဇန်နဝါရီ ၁၅ ရက်တွင် ကျရောက်မည့် ကယားပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဌာနဆိုင်ရာများနှင့် MSME ပြခန်းများ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ကျင်းပသည်။

### လှည့်လည်ကြည့်ရှု

ဦးစွာ (၇၃)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် ဌာနဆိုင်ရာများနှင့် MSME ပြခန်းများကို ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ဒေသကွပ်ကဲရေးမှူး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ စီးပွားရေးရာဝန်ကြီး၊ သယံဇာတရေးရာဝန်ကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် ခင်းကျင်းပြသထားသည့် ဗဟိုပြခန်း၊ MSME ပြခန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ သစ်တော၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးပြခန်းများ၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှုပြခန်းများ၊ ကယားရိုးရာအစားအစာနှင့် ရိုးရာအဝတ်အထည်ပြခန်းများကို လှည့်လည်ကြည့်ရှုရာ သက်ဆိုင်ရာပြခန်းတာဝန်ခံများက ရှင်းလင်းတင်ပြခဲ့ကြသည်။

ထို့နောက် ကယားပြည်နယ်၏ MSME ထွက်ကုန်များဖြစ်သော ကယားဝက်အူချောင်း၊ မက်ခါသီးထောင်း၊ အစေ့ထုတ်ပြောင်းနှင့် ကယားရိုးရာအထည်ရက်လုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုသရုပ်ပြရှင်းလင်းတင်ဆက်မှုကို ကြည့်ရှုအားပေးပြီး အစားအသောက်၊ အဝတ်အထည်များ၏ ထုပ်ပိုးမှုပုံစံများ၊ အရည်အသွေး ယခုထက်ပိုမိုကောင်းမွန်ရေးနှင့် ဈေးကွက်ချဲ့ထွင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားပြီး လုပ်ငန်းရှင်များနှင့် တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောကြားသည်။

(၇၃)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် ဌာနဆိုင်ရာနှင့် MSME ပြခန်း ၁၆ ခန်း၊ ကယားရိုးရာ အစားအစာနှင့် ရိုးရာအဝတ်အထည်အရောင်းဆိုင်တို့အား ခင်းကျင်းပြသလျက်ရှိပြီး ပွဲတော်ကာလ တစ်လျှောက် နေ့စဉ်ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



# တာချီလိတ်မြို့၌ ကျေးရွာအလိုက် လားဟူတိုင်းရင်းသားများ နှစ်သစ်ကူးပွဲတော် ကျင်းပ

တာလေ ဇန်နဝါရီ ၁၂

လားဟူတိုင်းရင်းသားများ၏ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာများနှင့်အညီ ရှေးအစဉ်အဆက်က နှစ်သစ်ကူးပွဲတော်များကို မိမိတို့နေထိုင်ရာ တောင်ပေါ်၊ မြေပြန့်ဒေသအလိုက် နှစ်စဉ်အစဉ်အလာမပျက် ကျင်းပပြုလုပ်ရာ လားဟူနှစ်ကူးပွဲတော်ကို ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု မော်ဝန်းရွာ၌ ဇန်နဝါရီ ၁၁ ရက် မွန်းလွဲပိုင်းက ကျင်းပသည်။



နှစ်သစ်ကူးပွဲကိုမော်ဝန်းကျေးရွာတွင် ကျင်းပရာ မိုင်းကိုးကျေးရွာအုပ်စုရှိ နမ့်တွန်၊ မေတွီ၊ နမ့်မွမ်း၊ ပါဆန်းနှင့် အောက်ကာဘကျေးရွာအတွင်းရှိ တောင်ပေါ်နှင့် ကျေးရွာအသီးသီးတွင်နေထိုင်သောလားဟူတိုင်းရင်းသား လူငယ်မောင်မယ် အကအဖွဲ့များက အဖွဲ့လိုက် ရှေးရိုးရာ ဘူးပလွေမြေဝိုင်းအကများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ကျေးရွာလူငယ်မောင်မယ်များက သက်ကြီးဝါကြီးနှင့် အကြည်ညိုခံပုဂ္ဂိုလ်တို့အား ရိုးရာလက်ဆေးမင်္ဂလာကျင်းပကြသည်။

လားဟူ တိုင်းရင်းသားများသည် ရာသီနှစ်တစ်နှစ်တာအား တိရစ္ဆာန်အကောင် ၁၂ ကောင်တို့ဖြင့် သတ်မှတ်ထားရှိရာ ယခင်နှစ် ၂၀၂၄ ခုနှစ် ယုန်နှစ်မှ ယခုနှစ် ၂၀၂၅ ခုနှစ် ရှဉ့်နှစ်သို့ ကူးပြောင်းရောက်ရှိလာခဲ့ရာ တစ်နှစ်တာရာသီကာလအတွင်း ကျင်းပကြသည့်ပွဲတော်များထဲတွင် စုပေါင်းနှစ်သစ်ကူးပွဲတော်ကို အထွတ်မြတ်ဆုံးနှင့် အကြီးအကျယ်ဆုံးပွဲတော်အဖြစ် သတ်မှတ်ထားရှိကြောင်း၊ ရှေးအစဉ်အဆက်က နှစ်သစ်ကူးပွဲတော်များကို မိမိတို့နေထိုင်ရာ တောင်ပေါ်၊ မြေပြန့်ဒေသအလိုက်ကျင်းပခဲ့ရာ တစ်နှစ်တာကာလအတွင်း ရှာဖွေစုဆောင်းရရှိလာခဲ့သည့် ဥယျာဉ်ခြံထွက် ဆန်၊ စပါး၊ အသီးအနှံများနှင့် ပစ္စည်းဥစ္စာများကို ဦးဦးဖျားဖျား စုပေါင်းပါဝင် လှူဒါန်းမှုပြုလုပ်ကြပြီး ထင်းရှူးပင်ငယ်တစ်ပင်ကို အလယ်တွင်ထားကာ ထင်းရှူးပင်ကို ဝိုင်းပတ်၍ ၎င်းတို့၏ အထိမ်းအမှတ် ဘူးပုလွေဖြင့် တီးမှုတ်၍ ထင်ရှားသော မြေဝိုင်းအကဖြင့် ဖျော်ဖြေကပြပြီး သက်ကြီးဝါကြီးနှင့် အကြည်ညိုခံပုဂ္ဂိုလ်များကို လူငယ်များက ရိုးရာလက်ဆေး မင်္ဂလာခံယူသော ပွဲတော်ကြီးတစ်ခုဖြစ်သည်။

လားဟူ တိုင်းရင်းသားများသည် ၎င်းတို့ဝတ်ဆင်သော ရိုးရာအဝတ်အစား၏အရောင်ကို အမှီပြု၍ ကျိုင်းတုံခရိုင်တွင် အများဆုံးနေထိုင်သော လားဟူ အနက်၊ မိုင်းဆတ်မြို့နယ်တွင် အများဆုံးနေထိုင်သော လားဟူအနီ၊ မိုင်းဖြတ်မြို့နယ်တွင် အများဆုံးနေထိုင်သော လားဟူအဝါ၊ ထိုင်းနယ်စပ်နှင့် လားအိုနယ်စပ်များတွင် ပျံ့နှံ့နေထိုင်သော လားဟူအဖြူနှင့် လားဟူရှီးဟူ၍ မျိုးနွယ်စုမှ ပေါက်ဖွားကာ ယနေ့အထိ လားဟူမျိုးနွယ်စု ၃၀ ခန့်အထိရှိကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

# တစ်ချိန်က မျက်ပါးရပ်(သို့မဟုတ်)တန်းနှင့် အဆုံးသတ်သော မန္တလေးက ရပ်ကွက်များ

(၆–၁–၂၀၂၅)စာမျက်နှာ–၆မှ အဆက်

ယနေ့မန္တလေး၌ မူလရပ်ကွက်အမည်များ ပျောက်ကွယ်၍ အမည်သစ်ဖြင့် ရပ်ကွက်များစွာ ရှိနေပြီ ဖြစ်သည်။ ထိုသို့ အမည်ပြောင်းခြင်း အတွက် ဌာနဆိုင်ရာသို့ တင်ပြအသိပေးရန်မလို၊ အမည်ပြောင်းအထိမ်းအမှတ် ကျင်းပရန်မလို၊ ရပ်ကွက်နေသူများနှင့် ဂေါပကအဖွဲ့သဘောတူ ကြည်ဖြူလျှင် အမည်သစ် တွင်လေတော့သည်။ ရှေးကရှိခဲ့ဖူးသော ရပ်ကွက်အမည်များကိုမူ နောင်းလူတို့က မေ့လျော့လိုက်ကြပြီး အမည်သစ်ကို သိမှတ်ကြတော့သည်။

"ဝါးနှစ်ခြမ်းကြားမှာ သံချောင်းလေးတွေ ထည့်ထားတာပါ။ရက်ကန်းရက်သူရဲ့လွန်းပြေးချိန်မှာ ယသွားနဲ့ ချည်ကို ဆွဲဖိတာပေါ့။ ပုဆိုးအဆင်ရဲ့ အစိပ်အကျဲအလိုက် ၁၈ ကွက်ဆိုရင် ယသွားကို ၁၈ ချောင်းထည့်ပေးရတယ်။ယသွားကျစ်တယ်လို့ခေါ်တယ်။ လှေတန်းရပ်မှာဆိုရင် ဘုရင့်လှေတော်သားတွေနေခဲ့ကြလို့ လှေတန်းရပ်တဲ့။ လှေနာမည်အလိုက် လှေတန်းရပ်က သုံးခုရှိတယ်။ မှန်တန်းရပ်မှာ မင်းတုန်းမင်းလက်ထက် ရွှေနန်းတော်သုံး အဆောက်အအုံတွေ၊ မင်းခမ်းမင်းနားသုံးပစ္စည်းတွေမှာ စီခြယ်တဲ့ မှန်တွေလုပ်ပေးတယ်။ မှန်စီရွှေချသူက သီးသန့်ရှိတယ်။ ဘီးတန်းရပ်မှာက ခေါင်းဖြီးတဲ့ နေရာမှာသုံးတဲ့ ဆင်စွယ်ဘီး၊ လိပ်ခွံဘီး၊ သနပ်ခါးဘီးတွေ လုပ်ကြတယ်" ဟု အသက် ၇၆နှစ်အရွယ်ရှိ နည်းပညာတက္ကသိုလ်(မန္တလေး)အငြိမ်းစား ဦးချစ်ငွေက ပြောသည်။ ယသွားတွင် ပါဝင်သည့် ချည်ပေါက်များတွင် ချည်အပြည့်မထည့်ဘဲ လျှော့လိုသော ရက်ကန်းရုံများအတွက် အပေါက်လျှော့ပေးခြင်းကို ယသွားတန်းရပ်မှ ပြုလုပ်ပေးသည်။ ထိုအချိန်က ပြည်ပမှ ယသွားအသစ်များ ဝင်ရောက်မှုမရှိခြင်းနှင့် ချည်လျှော့လိုသူများကြောင့် အလုပ်ဖြစ်ခဲ့ကြသည်။ ၁၉၈၀ နောက်ပိုင်းတွင် တရုတ်ဘက်မှ အသင့်သုံး ယသွားအသစ်များ



ပြည်တွင်းသို့ ဝင်ရောက်လာသည့်နောက်ပိုင်း ယသွားလုပ်ငန်းမှာ တိမ်ကောပျောက်ကွယ်သွားခဲ့သည်ဟု ဆိုသည်။

"ပိုးထည်ဆိုရင် အပေါက် ၅၀ နဲ့ရက်ကန်းခတ်ရတယ်။ ယသွားမှာ အနံ ၄၈လက်မရှိတယ်ဆိုရင် ၄၈ လက်မထဲမှာ တစ်လက်မကို ချည်ပင်အပေါက် ၅၀ ရှိတယ်။ ချည်လျှော့ချင်လို့ တချို့ရက်ကန်းရုံက ၂ ပေါက်လျှော့တာမျိုးရှိတယ်။ အဲဒါမျိုးရအောင် လုပ်ပေးရတယ်။ အဲဒီတုန်းက ရပ်ကွက်ထဲမှာ ယသွားလုပ်တဲ့သူ ငါးဦးလောက်ရှိတယ်။ နောက်ပိုင်းမှာ တရုတ်ဘက်ကနေ ယသွားအမျိုးမျိုး အသစ်တွေ ဝယ်လို့ရလာတော့



အဟောင်းမပြင်တော့ဘဲ အသစ်ကို သုံးလာကြလို့ အလုပ်အကိုင်မဖြစ်တော့ဘူး" ဟု ယသွားလုပ်ငန်း လုပ်ကိုင်ခဲ့သူ အသက် ၇၀ အရွယ်ရှိသူ တစ်ဦးက ပြောသည်။

မန္တလေးမြို့ရှိ အခြားရပ်ကွက်များတွင် "တန်း"နှင့်ဆုံးသော ရပ်ကွက်များစွာရှိပါသေးသည်။ ၃၅လမ်းနှင့် ၄၂လမ်းအကြား၊ လမ်း ၈၀ ဝန်းကျင်၊ ဟေမမာလာတောင်တန်း၊ လှေတန်း၊ မှန်တန်း၊ ဖိနပ်တန်း၊ အနောက်ပြင် (၈၄လမ်း အနောက်ဘက်၊ ၂၆လမ်းမြောက်ဘက်)တွင် သဘော်တန်း၊ ဆိုင်းတန်း၊ သကျသီဟဘုရားတောင်ဘက်၊မလွန်ဆန်လျှအသင်းရှိရာ(၈၅လမ်းနှင့် ၈၆ လမ်း၊ ၃၁လမ်းနှင့် ၃၂လမ်း)ကြားတွင် ထန်းလျက်တန်း၊ ငါးပိတန်း၊ အိုးတန်း၊ ပွတ်တန်း၊ ချင်းတန်း၊ ခဲလံတန်းစသဖြင့် လုပ်ကိုင်သည့်လုပ်ငန်းအလျောက် အမည်များပေးထားသည်။ အနောက်ဘက်တွင် ထုံးဘူးတန်း ရပ်ကွက်လည်းရှိသည်။ တစ်ချိန်က ချမ်းသာကြွယ်ဝသူ မြို့မျက်နှာဖုံးဖြစ်သူ ဝါးတန်းဦးကျော်နေထိုင်ခဲ့သည့် ရပ်ကွက်မှာ ဝါးတန်းရပ်ဖြစ်သည်။ ထို့ပြင် ဖျာတန်း၊ ပန်းဘဲတန်း၊ ခုံဖိနပ်တန်း၊ ဖိနပ်တန်းဟူ၍ "တန်း"နှင့် ဆုံးသော အခြားရပ်ကွက်များစွာ မန္တလေးတွင် ရှိပါသေးသည်။

"အနောက်ပြင်မှာ ထုံးဘူးတန်း၊ နီပါးတန်း (မလွန်နီပါးတန်း)တို့ဆိုတာတွေလည်း ရှိသေးတယ်။ ရပ်ကွက်နာမည်တွေကတော့ ဒီနေ့ထိခေါ်နေတုန်းပဲ။ ဒါပေမယ့် အဲဒီလုပ်ငန်း လုပ်တဲ့သူတွေ မရှိတော့ဘူး။ထန်းလျက်ပွဲရုံတွေကတော့ လွန်ခဲ့တဲ့ နှစ် ၃၀ကျော်လောက်အထိရှိခဲ့ပြီး ခုတော့ နာမည်ပဲ ကျန်ရစ်တော့တယ်။ ဈေးချိုကိုင်းတန်းဈေးဘက် ပြောင်းသွားကြတာနဲ့၊လုပ်ငန်းပြောင်းသွားကြတာနဲ့ပေါ့" ဟု အောင်နန်းရိပ်သာရပ်မှ ကိုလင်းဖြိုးက ပြောသည်။ "တန်း"နှင့်ဆုံးသော ရပ်ကွက်များစွာ အပြင် "ဝင်း"နှင့်ဆုံးသော ရပ်ကွက်များရှိပြီး ကသဲဝင်း၊ ကြယ်ခတ်ဝင်း၊ ယွန်းဝင်းစသည်ဖြင့် "ဝင်း" နှင့် ဆုံးသောရပ်ကွက်များရှိပါသည်။ ထိုသို့ ရပ်ကွက်အမည်များခေါ်ဝေါ်ကြသည်မှာ မန္တလေး၏ ထူးခြားသည့်ဓလေ့တစ်ခုဟု ဆိုရမည်။ ကာလကြာရှည်တည်ရှိနိုင်မည်လား သို့မဟုတ် တစ်ချိန်တွင် ကွယ်ပျောက်သွားမည်လားဆိုသည်မှာ ခန့်မှန်းရခက်လှသည်။

ဆိုခဲ့သော "တန်း" သို့မဟုတ် "ဝင်း"နှင့် ဆုံးသည့်ရပ်ကွက်များသည် နှစ်ပေါင်းများစွာကြာပြီဖြစ်ပြီး တစ်ချိန်၌ ကွယ်ပျောက်သွားဖွယ်ရှိသည်။ အကြောင်းမှာ ရှာနေပြည်ထိုင် ရပ်ကွက်သားများက နေရာသစ်သို့ ပြောင်းရွှေ့သွားကြ၍ လူသစ်များရောက်ရှိလာရာမှ ရပ်ကွက်အမည် ပြောင်းလဲခေါ်ဆိုလာနိုင်သောကြောင့် ဖြစ်သည်။ ဥပမာအားဖြင့် ၈၇လမ်း၊ ၃၄လမ်းနှင့် ၃၅လမ်းကြားတွင် ပုဂံမင်းလက်ထက်ကဖြစ်သော ခြသေ့်နှစ်ကောင်တည်ရှိရာ ထိုရပ်ကွက်ကို ခြသေ့်ဦးရပ် ဟုခေါ်ဆိုခဲ့ကြရာမှ ၁၉၇၅ ခုနှစ်ဝန်းကျင်တွင် ရတနာဦးရပ်ဟု အမည်ပြောင်းခဲ့သည်။ ထိုသို့ အမည်ပြောင်းလိုက်ခြင်းမှာ ရပ်ကွက်နေသူအများစုသည် ရတနာစာရင်းဝင် ကျောက်စိမ်းလုပ်ငန်းလုပ်ကိုင်ကြသဖြင့် "ရတနာဦးရပ်"ဟု နေထိုင်သူများဆန္ဒဖြင့် ရပ်ကွက်အမည်ပြောင်းခဲ့ပြီး ယနေ့တိုင် အမည်တွင်နေပါသည်။

နေထိုင်သူတို့ လုပ်ငန်းများနှင့် ဆက်စပ်၍ ရပ်ကွက်အမည်ပေးခဲ့ကြ၊ မှည့်ခေါ်ခဲ့ကြသည်မှာ ရှေးရှေးက မန္တလေးဟု ပြောရတော့မည်။ ယနေ့အချိန်၌ အမည်သစ်များဖြင့် ရပ်တည်နေကြပြီဖြစ်သည်။ ယဉ်ကျေးမှု၊ ရိုးရာဓလေ့၊ နေထိုင်မှု၊ ပြောဆိုဆက်ဆံမှု၊ ဝတ်စားဆင်ယင်မှု၊ လူနေအဆောက်အအုံစသည့် လူနှင့် လူ့ပတ်ဝန်းကျင်တို့သည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဆိုသော ကာလသုံးပါးကို ဖြတ်ကျော်လျက် မန္တလေးသည် အသစ်အသစ်များနှင့် ခေတ်သစ်ဆီသို့ ဦးမော့လမ်းလျှောက်နေပါသည်။

**မင်းတုန်းမင်း၏ မြို့ပြမြေပုံ**

မင်းတုန်းမင်းသည် ရတနာပုံ(မန္တလေး) မြို့တည်စဉ်က ဝါး၊ ပန္နက်၊ ပန်းသုန်း၊ ဓား၊ တူရှင်း အစုံကိုယူ၍ လိုက်ပါရသည့် ဝင်းတော်လေးမျက်နှာ အမှုထမ်းများနှင့် ပန္နက်ချိန်သည့် ကိရိယာ၊ ဆေးနှင့် စုတ် စသည့် ရေးဆွဲရသော ကိရိယာများယူပြီး လိုက်ပါရသည့် ပန်းချီအမှုထမ်းများလည်း ပါဝင်သည်။ မြေနင်းပြီး ပုံဆွဲကြသည်။ ၎င်းတို့ ရေးဆွဲသည့် ပုရပိုက်မြေပုံ ရှိပြီး မန္တလေးတောင်ကို အခြေပြုကာ အရှေ့သို့ အောင်ပင်လယ်၊ တောင်ဘက်သို့ ဓောင်းကလောကန်နှင့် တောင်သမန်အင်း၊ အနောက်ဘက်သို့ တက်သေးအင်းနှင့် ဧရာဝတီမြစ်မြောက်ဘက်သို့ မဟာနန္ဒာကန်အထိ ဖြစ်သည်။ ရေးဆွဲသော မြေပုံပန်းချီကို မင်းတုန်းမင်းက ကြည့်ရှုပြီး နန်းတော်နေရာ၊ ကျုံးနေရာ၊ မြို့ပြနေရာ သတ်မှတ်ပေးသည်ဟု သိရသည်။ ရှေးက မြေပုံများသည် အရှေ့အရပ်ကို ထိပ်မှာထားပြီး ရေးဆွဲခြင်းဖြစ်သည်။ မြေပုံအညွှန်း စကေးမပါရှိဘဲ တောင်ရှိလျှင် တောင်ပုံ၊ စေတီရှိလျှင် စေတီပုံ၊ တောရှိလျှင် သစ်ပင်ပုံ၊ မြစ်ကြောင်းဆိုလျှင် အစိမ်းရောင်ခြယ်ပြကာ ဖော်ပြသည်။

မြန်မာနှစ် ၁၂၂၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်တွင် မှူးတော်၊ မတ်တော်၊ မြို့စားရွာစားများမှစ၍ ပြည်သူများအား အလစ်အလပ်မရှိစေဘဲ မင်းတုန်းမင်းကြီးက နေရာချထားပေးသည်။ နန်းတော်ကို ဗဟိုပြု၍ အရှေ့၊ အနောက်၊ တောင်၊ မြောက်ဟူ၍ လေးပြင်လေးရပ်ပိုင်းခြားကာ ရပ်ကွက်ပေါင်း ၅၄ ခု ဖွဲ့စည်းခဲ့သည်။ အရှေ့ပြင်၌ ကျွန်းလုံးမော်၊ ဝိဇယမဟီစသည်ဖြင့် ပြည်ကြီးမျက်ရှင်အပါအဝင် ရပ်ကွက် ၇ ခု၊ အနောက်ပြင်၌ အမရစံခေါင် အမရဌာနီစသည်ဖြင့် ညောင်ကွဲအပါအဝင် ရပ်ကွက် ၂၉ခု၊ တောင်ပြင်၌ ပါတ်ကုန်းပျော်ဘွယ်၊ ဇမ္ဗူမျက်ရှင် စသည်ဖြင့် ပြည်ကြီးမျက်ရှင် အပါအဝင် ရပ်ကွက်ပေါင်း ၁၃ခု၊ မြောက်ပြင်၌ မြကျွန်းတန်ဆောင်၊ မြနန်းအောင်မြေစသည်ဖြင့် မြကျွန်းမြေငူ အပါအဝင် ရပ်ကွက်ပေါင်း ၅ ခု၊ စုစုပေါင်း ၅၄ ရပ်ကွက်ဟု သိရသည်။ ယနေ့တွင် အချို့ရပ်ကွက်အမည်များ ပျောက်ကွယ်သွားပြီ ဖြစ်ပါ၏။

၁၉၉၀ ဝန်းကျင်နောက်ပိုင်း မန္တလေးသည် မြို့ပြကွက်သစ်များနေရာချထားပေးရာမှ မန္တလေးမြို့သစ်ဟူ၍ ပေါ်ပေါက်လာခဲ့သည်ဖြစ်ရာ ရပ်ကွက်အမည်အသီးသီး တိုးပွားလာခဲ့သည်။ မန္တလေးသည် တောင်ဘက်သို့ မြို့ပြလူနေမှုများ ရွှေ့လျား၍ Down Town Area များစွာ ဖြစ်ပေါ်လာခဲ့သည်။ မြို့ပြချဲ့ထွင်မှုဖြင့် လူနေရပ်ကွက်များလည်း အသစ်အသစ်များ ပေါ်ပေါက်လာသည်ဟု ဆိုချင်ပါတော့သည်။

ခိုင်ဆက်ဝေ

# နိုင်ငံတကာ ရုပ်ရှင် ဂီတသတင်းများ

## Rapper Suga က Spotify သမိုင်းတွင် စံချိန်တင်နိုင်ခဲ့



BTS အဖွဲ့ဝင် Suga ခေါ် Min Yoongi ၏ တစ်ကိုယ်တော်ဂီတ Daechwita မှာ ကမ္ဘာ့ဂီတစာရင်းတွင် စံချိန်တင် သမိုင်းတွင်ခဲ့ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါစံချိန်တင်စာရင်းတွင် ပထမဆုံးကိုရီးယား Rapper အဖြစ် Suga က 4.5 Million နှင့် စာရင်းဝင်ခဲ့ခြင်းဖြစ်ကာ Rap စွမ်းရည်မြင့်မားသည့် Suga ကို ပရိသတ်အချို့က သူရင်ဆိုင်ခဲ့ရသည့် အမှုနှင့်ပတ်သက်၍ တိုက်ခိုက်ခဲ့ကြသည်။

Suga ကို BTS အဖွဲ့မှ ထုတ်ပယ်ရန်အထိပါ တောင်းဆိုကြရာ ပန်းခွေများ အေဂျင်စီရှေ့ ပို့ခဲ့၍ အမာခံပရိသတ်များစွာက ကာကွယ်ပေးခဲ့ကြပြီး ဂီတစွမ်းရည်ပြည့်သည့် Suga ဘက်မှ ရပ်တည် ပေးခဲ့ကြသည်။

(SKY)

## Liu Yifei ပါဝင်ထားသည့်ရုပ်သံဇာတ်လမ်းတွဲများ ပရိသတ်အားပေးမှု ရရှိထား

တရုတ်ထိပ်တန်းအနုပညာရှင် စာရင်းဝင် လျူရီဖိန်းရိုက်ကူးထားသည့်ဇာတ်လမ်းတွဲများစွာကို ပရိသတ်အားပေးမှုနှုန်းမြင့်မားစွာ ရရှိထားသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

လျူရီဖိန်းသည် ဂျက်ကီချန်းနှင့် ပထမဆုံးသရုပ်ဆောင်ထားသည့်ကားမှာ The Forbidden Kingdom ဖြစ်ပြီး A Chinese Ghost Story, Chinese Paladin, White Vengeance တွင် မင်းသား ဖိန်ရှောင်ဖိန်နှင့် Once Upon a Time ၊ တရုတ်ပြည်လူကြိုက်အများဆုံး Etemal Love တို့ ဖြစ်ခဲ့သည်။



ချောင်ယွမ်ဖတ်နှင့် The Assassins ၊ ကိုရီးယားမင်းသားဆောင်းဆေဟွန်နှင့် Meet Youeself, The Return Of Condor Heroes, Never Gone, The Chinese Window, ရိုန်းနှင့်တွဲ၍ For Love or Money နှင့် ၂၀၂၄ခုနှစ် The Tale of Rose တို့မှာ ပရိသတ်အားပေးမှုနှင့်အတူ ထူးချွန်ဆုများ ပါရရှိထားသည်။

(SKY)




## စပိန်ဆယ်ကျော်သက်ဇာတ်ကား Sidelined: The QB and Me လူကြိုက်များခဲ့

စပိန်ဆယ်ကျော်သက် အချစ်ဇာတ်ကား Sidelined The QB and Me တွင် မျိုးဆက်သစ် စပိန်အနုပညာရှင်နှစ်ဦး ပါဝင်ထားပြီး ပရိသတ်ကြား လူကြိုက်များခဲ့ကြောင်း ရိုတေရှင်းဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားတွင် အကနည်းပြဖြစ်သူ အစ်ကိုနှင့် နေထိုင်ပြီး အကသင်တန်းကျောင်းဝင်ခွင့်ရရန် ကြိုးစားနေသော မိန်းကလေးတစ်ဦးနှင့် ဖခင်၏ တင်းကြပ်မှုအောက်တွင် ဘောလုံးချန်ပီယံတစ်ယောက်အဖြစ် ကျောင်းတက်ခွင့်ရရန် ကြိုးစားနေသော လူငယ်လေးတစ်ဦးတို့ ဆုံတွေ့ကြသည့် ဇာတ်လမ်းဖြစ်သည်။

သူတို့နှစ်ဦး ကျောင်းတွင် ဆုံတွေ့ခင်မင်ခဲ့ကြပြီး ကျောင်းကပွဲ ခိုးထွက်ရာမှ မိသွားကာ ကျောင်းမှ ဆိုင်းငံ့ခံခဲ့ရာ အကသမားအိပ်မက်အတွက် အခက်အခဲများ ကျော်ဖြတ်ရပုံနှင့် ဘောလုံးသမားအိပ်မက်ကို အကောင်အထည်ဖော်ရင်း ချစ်သူနှင့် အဆင်ပြေရန် ကြိုးစားရပုံများကို တင်ပြထားသည်။

(SKY)



## ထိရောက်သည့် ရာသီတုပ်ကွေးရောဂါကာကွယ်ဆေး စတန်းဖို့ဒ်တက္ကသိုလ်မှ သုတေသီများ ဖော်စပ်နိုင်

နှစ်စဉ် တုပ်ကွေးရာသီရောက်တိုင်း အများဆုံးကူးစက်လေ့ရှိသော တုပ်ကွေးရောဂါကို ရာသီတုပ်ကွေးဟု ခေါ်ဆိုလေ့ရှိကြသည်။

အများအားဖြင့် တုပ်ကွေးရောဂါလေးမျိုး တစ်လှည့်စီ အနည်းအများကွဲပြားကာ ကူးစက်လျက်ရှိကြောင်း ဆေးသိပ္ပံပညာရှင်များ လေ့လာတွေ့ရှိထားကြသည်။

အများဆုံးကူးစက်နိုင်ခြေရှိသော တုပ်ကွေးရောဂါကို အတည်ပြုကာ တစ်နှစ်နှင့်တစ်နှစ် တုပ်ကွေးကာကွယ်ဆေး မတူညီဘဲ ကွဲပြားခြားနားစွာ ဖြန့်ဖြူးရောင်းချပေးရသည်။

အမေရိကန်ပြည်ထောင်စု စတန်းဖို့ဒ်တက္ကသိုလ်မှ သုတေသီများသည် ခွဲခြားစရာမလိုသော ထိရောက်သည့် ရာသီတုပ်ကွေးရောဂါကာကွယ်ဆေးတစ်မျိုးကို မကြာသေးမီက ဖော်စပ်နိုင်ခဲ့ကြောင်း သိရသည်။

(SCI)

## The Dark Knight ကို ဒါရိုက်တာက Heat ကို ကျောရိုးယူထားကြောင်းသိရ




ဒါရိုက်တာခရစ္စတိုဖာနိုလန်၏ The Dark Knight သုံးကားတွဲကို ဖန်တီးရန်အတွက် Heat ကို ကျောရိုးယူထားကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ Heat ကို ဒါရိုက်တာ မစ်ရှယ်မန်က ဖန်တီးထားပြီး နာမည်ကြီးသရုပ်ဆောင် အေအိုင်ပါစီနို၊ ရောဘတ်ဒီနေရိုဂျာနှင့် ဗာလ်ကီလ်မာတို့ သက်လတ်ပိုင်းက ရိုက်ကူးထားကာ ဒါရိုက်တာက သူငယ်ချင်းစုံထောက်ကို ဂုဏ်ပြုရန် ဖန်တီးထားသည့် ရုပ်ရှင်ဖြစ်သည်။

၁၉၉၀ ပြည့်လွန်ကာလ အကောင်းဆုံးအက်ရှင်ကားဖြစ်ခဲ့ပြီး ဘဏ်ဖောက်၊ အနုကြမ်းစီးမှုများကို စုံထောက်က လိုက်လံဖမ်းဆီးသည့်ကားဖြစ်ကာ အမေရိကန် မရိန်းတပ်ဖွဲ့မှပင် Heat ၏ ဇာတ်ဝင်ခန်းအချို့ကို သင်ခန်းစာအဖြစ် ပို့ချရသည်အထိ အောင်မြင် ခဲ့သည်။

လက်ရှိခေတ်ထိ ရေပန်းစားနေဆဲဖြစ်သော Heat ကို ဒါရိုက်တာ ခရစ္စတိုဖာနိုလန်က The Dark Knight သုံးကားတွဲ ဇာတ်လမ်းအဖြစ် ပုံဖော်ရိုက်ကူးထားခြင်း ဖြစ်သည်။

(SKY)

*-*-*-*-*

## Lee Dong Wook ၏ စုံထောက်ကား ပရိသတ် အားပေးထားကြ

Lee Dong Wook နှင့် Squid Game မှ ဝီဟာဂျွန်တို့ နှစ်ဦး အဓိက ပါဝင်ထားသည့် စုံထောက်ကားမှာ ပရိသတ် အားပေးမှု တစ်ခဲနက် ရရှိထားကြောင်း ကိုးရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါစုံထောက်ကားတွင် Lee Dong Wook က မူးခင်းဆေးတပ်ဖွဲ့မှ အထက်လူကြီးအကြိုက် နေတတ်၍ ရာထူးတိုးနေရာရသူဖြစ်ခဲ့ကာ အမှန်တရားမှန်း သိသော်လည်း နာမည်ကောင်းမရနိုင်၍ မသိကျိုးကျွံပြုတတ်သူလည်း ဖြစ်သည်။

ရာထူးတိုးချိန် နီးကပ်လာစဉ် အမှန်တရားဘက်တော်သားတစ်ဦးပေါ်လာပြီး ဌာနတစ်ခုတည်း နှစ်ဦး ထိုင်ခုံလုရာမှ လူဆိုးဂိုဏ်းတစ်ခု ထကြွလာ၍ အလွဲအချော် ဟာသများနှင့် ပွဲကြမ်းခဲ့ကြသည့် စုံထောက်ဇာတ်ကားဖြစ်သည်။

(SKY)

*-*-*-*-*




## A Dog Named Palma မှာ ဖြစ်ရပ်မှန် ခွေးဇာတ်ကားဖြစ်

တိရစ္ဆာန်ခွေးလေးနှင့် လူတစ်ဦးကြား သစ္စာစောင့်သိမှုနှင့် သံယောဇဉ်အကြောင်း ရိုက်ကူးထားသည့် A Dog Named Palma မှာ ဖြစ်ရပ်မှန်ဇာတ်ကားဖြစ်ကြောင်း ဟောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

ခွေးချစ်သူများအတွက် ဇာတ်ကားကောင်းတစ်ကားဖြစ်ခဲ့ကာ ခွေးလေးပါလ်မာကို သခင်က လေယာဉ်ပေါ်ခေါ်မရ၍ ထားရစ်ခဲ့ရာမှ သခင်အလာကို နေ့စဉ်စောင့်မျှော်နေခဲ့သည်။

မိခင်သေဆုံးသော သားလေး၏ဖခင်မှာ လေယာဉ်မှူးဖြစ်၍ မိခင်ကို လွမ်းဆွတ်နေသည့် ကောင်လေးနှင့် သခင်ကို စောင့်မျှော်နေသည့်ခွေးလေးတို့ ဆုံခဲ့ကြပြီး စာရေး၍ သခင်ထံ ပို့ပေးခဲ့ကာ သခင်ပြန်ရှာပေးရာမှ သတင်းစာခေါင်းစီးတွင်ပါ၍ နာမည်ကြီးလာခဲ့သည်။

ပြန်မလာသောသခင်ကို စောင့်ရင်း အတူစောင့်ပေးသည့် ကောင်လေးနှင့် သံယောဇဉ်က နက်ရှိုင်းလာရာမှ သခင်က ပြန်ခေါ်ရန် ပေါ်လာခဲ့ရာ ခွေးလေးပါလ်မာ၏ သစ္စာရှိမှုနှင့် သံယောဇဉ်ကို ရိုက်ကူးတင်ပြထားသည့် မေတ္တာဖွဲ့ကားလေး ဖြစ်သည်။ (SKY)



# လက်ဘနွန်အိမ်စောင့်အစိုးရ ဝန်ကြီးချုပ် နာဂျစ်မီကာတီ ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့တော်သို့ ရောက်ရှိလာ



**ဒမတ်စကတ် ဇန်နဝါရီ ၁၂**

လက်ဘနွန်အိမ်စောင့်အစိုးရ ဝန်ကြီးချုပ် နာဂျစ်မီကာတီ ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့တော်သို့ ဇန်နဝါရီ ၁၁ ရက်က တရားဝင်အလည်အပတ်ရောက်ရှိလာကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဝန်ကြီးချုပ်အဆင့်ရှိသော လက်ဘနွန်ခေါင်းဆောင် ၁၅ နှစ်အတွင်း ပထမဆုံးအကြိမ် အလည်အပတ်ရောက်ရှိခြင်းဖြစ်ကြောင်း ဆီးရီးယားအစိုးရဘက်မှ အတည်ပြုသည်။

၎င်းကို လက်ရှိ ဆီးရီးယား ခေါင်းဆောင် အာမက်အယ်လ်ရှာရာက လက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံဆက်ဆံရေးကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

မိမိတို့နှစ်ဦးတွေ့ဆုံစဉ် နှစ်နိုင်ငံနယ်နိမိတ်အရေး၊ လက်ဘနွန်နိုင်ငံရှိဘဏ်များတွင် အပ်နှံထားသော ဆီးရီးယားငွေကြေးများနှင့် ပတ်သက်၍ အဓိကထားဆွေးနွေးခဲ့သည်ဟု ပူးတွဲသတင်းစာရှင်းလင်းပွဲ၌ အာမက်အယ်လ်ရှာရာက ထုတ်ဖော်ပြောကြားသည်။

ဆီးရီးယားပြည်တွင်းစစ်ကာလက လက်ဘနွန်နိုင်ငံဘက်သို့ စစ်ဘေးရှောင်ခဲ့ကြသော ဆီးရီးယားနိုင်ငံသား တစ်သန်းခွဲခန့်တို့နှင့် ပတ်သက်၍လည်း ၎င်းတို့နှစ်ဦးဆွေးနွေးခဲ့ကြသည်။

လက်ဘနွန်သမ္မတ ဂျိုးဇက်အွန်က ဆီးရီးယားနိုင်ငံနှင့် ဆွေးနွေးညှိနှိုင်းချိန်တန်ပြီဟု ပြောကြားပြီးနောက် ဝန်ကြီးချုပ် နာဂျစ် ဆီးရီးယားနိုင်ငံသို့ သွားရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Mon

# INTERNATIONAL NEWS နိုင်ငံတကာသတင်းများ



မလေးရှားနိုင်ငံ ဂျိုဟော်ပြည်နယ်တစ်နေရာတွင် ဇန်နဝါရီ ၁၁ ရက်ညပိုင်းက မိုးသည်းထန်စွာရွာသွန်းပြီးနောက် ရေကြီးမှုဖြစ်ပွားရာ ရေဘေးသင့်သူ နှစ်ဦးကို ကယ်ဆယ်ရေးအဖွဲ့ဝင်သုံးဦး ကယ်ဆယ်လာကြစဉ်။

Mon

# ဓားစာခံများလွတ်မြောက်ရေး တစ်ခဲနက်တောင်းဆို၊ နက်တန်ယာဟု ကာတာသို့ ကိုယ်စားလှယ်များ စေလွှတ်

**ဂျေရုဆလင် ဇန်နဝါရီ ၁၂**



ဟားမတ်စ်တို့ ဖမ်းထားသော အစ္စရေးဓားစာခံများ လွတ်မြောက်ရေးအတွက် အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့၌ အစ္စရေးနိုင်ငံသားထောင်နှင့်ချီစုဝေးပြီး တစ်ခဲနက်ဆက်လက်တောင်းဆိုလျက်ရှိရာ အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နက်တန်ယာဟုက ကာတာနိုင်ငံသို့ ကိုယ်စားလှယ်များ စေလွှတ်ကာ ညှိနှိုင်းဆွေးနွေးစေခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အမေရိကန်အစိုးရက စေလွှတ်သော အထူးသံတမန် စတီဗင်ဝစ်ကော့ဖ်ကို ဝန်ကြီးချုပ် ဘင်ဂျမင်နက်တန်ယာဟု လက်ခံတွေ့ဆုံပြီးနောက် ဟားမတ်စ်တို့နှင့် ပြောဆိုဆွေးနွေးရန် ကာတာနိုင်ငံသို့ ကိုယ်စားလှယ်များစေလွှတ်ခဲ့ခြင်းဖြစ်သည်။

ဂါဇာစစ်ပွဲ အပစ်အခတ်ရပ်စဲကာ ဓားစာခံများနှင့် စစ်သုံ့ပန်းများ အပြန်အလှန်လဲလှယ်ရေးနှင့် ပတ်သက်၍ ကာတာနိုင်ငံက ကြားဝင်စေ့စပ်ပေးလျက်ရှိသည်။

ထိုစေ့စပ်ဆွေးနွေးမှုတွင် အစ္စရေးဘက်က ပါဝင်နိုင်ရန် အစ္စရေးကိုယ်စားလှယ်များကို စေလွှတ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

Mon

0-0-0-0

# ယွန်းကို နောက်တစ်ကြိမ်ဖမ်းဆီးရန် ကြိုးစားပြီးနောက် ဆိုးလ်မြို့တော်၌ လူပေါင်းထောင်နှင့်ချီ၍ စုဝေးဆန္ဒပြ

**ဆိုးလ် ဇန်နဝါရီ ၁၂**

တောင်ကိုရီးယား သမ္မတ ယွန်းဆွတ်ယူးလ်ကို နောက် တစ်ကြိမ်ဖမ်းဆီးရန် ကြိုးစားပြီးနောက် ဆိုးလ်မြို့တော်၌ ဇန်နဝါရီ ၁၁ ရက်က လူပေါင်းထောင်နှင့်ချီ၍ စုဝေးဆန္ဒပြခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

သမ္မတအိမ်တော်အနီးတွင် ယွန်းကို သမ္မတရာထူးမှ နုတ်ထွက်စေပြီး ဖမ်းဆီးအရေးယူလိုသူတို့က တစ်ဖက်၊ ၎င်းကို ထောက်ခံအားပေးသူတို့က တစ်ဖက် အပြိုင်ဆန္ဒပြနေကြခြင်းဖြစ်သည်။

ပါလီမန်က ဆိုင်းငံ့ခံထားရသော သမ္မတ ယွန်းဆွတ်ယူးလ်နှင့် သက်ဆိုင်သည့်အကြောင်းကိစ္စများနှင့် ပတ်သက်၍ တစ်ဖက်တွင် သက်ဆိုင်ရာက အသေးစိတ်စုံစမ်းစစ်ဆေးနေပြီး အခြားတစ်ဖက်တွင်လည်း ၎င်းကိုဖမ်းဆီးရန် ကြိုးစားနေကြသည်။

၎င်းကို ဖမ်းဆီးရန် ကြိုးစားခြင်းကြောင့် သွေးထွက်သံယိုမှုများဖြစ်လာနိုင်သည်ဟုဆိုကာ သမ္မတလုံခြုံရေးတပ်ဖွဲ့မှူး ပတ်ဂျောင်ဂျွန်း ယမန်နေ့က ရာထူးမှ နုတ်ထွက်သွားခဲ့သည်။

ယွန်းကို အများပြည်သူက မဲပေးပြီး ရွေးကောက်တင်မြှောက်ထားသဖြင့် အတင်းအကျပ်ဖမ်းဆီးပြီး အရေးယူခွင့်မရှိဟု အားပေးထောက်ခံသူများက ထောက်ပြကြောင်း သိရသည်။

Mon



# ပြင်သစ်နိုင်ငံအရှေ့ပိုင်း စထရာစဘော့မြို့အနီးတွင် မီးရထားနှစ်စင်း ခေါင်းချင်းဆိုင်တိုက်မှုဖြစ်ပွား

**ပဲရစ် ဇန်နဝါရီ ၁၂**

ပြင်သစ်နိုင်ငံအရှေ့ပိုင်း စထရာစဘော့မြို့အနီးတွင် ဇန်နဝါရီ ၁၁ ရက်က မြို့ပတ်မီးရထားနှစ်စင်း ခေါင်းချင်းဆိုင်တိုက်မှုဖြစ်ပွားကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အဆိုပါ မြို့ပတ်မီးရထားနှစ်စင်းသည် ဘူတာအနီးရှိ လိုဏ်ခေါင်းတစ်ခုကို ဖြတ်သန်းစဉ် မတော်တဆ တိုက်မိခြင်းဖြစ်ကြောင်း မျက်မြင်သက်သေများက ထုတ်ဖော်ပြောကြားသည်။

အရှိန်မပြင်းသော မီးရထားနှစ်စင်းတိုက်မိသဖြင့် လူအသေအပျောက်မရှိဘဲ ၃၆ ဦးသာ ဒဏ်ရာရရှိခဲ့ကြောင်း ပြင်သစ်မီးရထားပို့ဆောင်ရေးဌာနက ထုတ်ဖော်ကြေညာသည်။

အခင်းဖြစ်ပွားသည်နှင့် တစ်ပြိုင်နက် ကယ်ဆယ်ရေးအဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ရောက်ရှိလာပြီး ဒဏ်ရာရသူများကို ကယ်ထုတ်ကာ ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

ထို မီးရထားတိုက်မှုဖြစ်ပွားရသည့်အကြောင်းအရင်းကို သက်ဆိုင်ရာက ဆက်လက်စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

Mon



# အင်ဒိုနီးရှားအရှေ့ပိုင်း အီဘူမီးတောင်ပေါက်ကွဲ၊ ချော်ရည်များနှင့် မီးခိုးများ မှုတ်ထုတ်လျက်ရှိ

**ဂျကာတာ ဇန်နဝါရီ ၁၂**

အင်ဒိုနီးရှားအရှေ့ပိုင်းရှိ ဟာလ်မာဟေရာကျွန်းပေါ်ရှိ အီဘူမီးတောင် ဇန်နဝါရီ ၁၁ ရက်က ပေါက်ကွဲရာ ချော်ရည်များနှင့် မီးခိုးများ မှုတ်ထုတ်လျက်ရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ထိုမီးတောင်သည် အင်ဒိုနီးရှားနိုင်ငံတွင် အသက်ဝင်အလှုပ်ရှားဆုံးမီးတောင်ဖြစ်ပြီး ယမန်နှစ်က အကြိမ်ရေ ၂၀၀၀ ကျော် ပေါက်ကွဲခဲ့သည်။



ထိုမီးတောင်၏ ပတ်လည် ၂ ကီလိုမီတာအတွင်း မည်သူမျှ နေထိုင်သွားလာခြင်းမပြုရန် သက်ဆိုင်ရာက တားမြစ်သတိပေးထားကြောင်း သိရသည်။

Mon

STOP AIDS

# အီရန်၌ ဒုံးလက်နက်သစ်ထုတ်လုပ်နေသည်ကို မြေအောက်ခန်းဗီဒီယိုမှတ်တမ်းဖြင့် ပြသ

**တီဟီရန် ဇန်နဝါရီ ၁၂**

အီရန်နိုင်ငံ၌ လက်နက်သစ်ထုတ်လုပ်နေသည်ကို ယမန်နေ့က မြေအောက်ခန်းဗီဒီယိုမှတ်တမ်းဖြင့် ပြသခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အထူးထုတ်ဒုံးလက်နက်ကို အီရန်ဗိုလ်ချုပ်ကြီးဟော့စိန်ဆာလာမီနှင့် ဗိုလ်မှူးချုပ် အမီးရ်ဟာဂျီဇာဒဲတို့နှစ်ဦး သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သော ဗီဒီယိုမှတ်တမ်းဖြစ်သည်။

ယခုလအတွင်း အီရန်တပ်မတော်က စစ်ရေးလေ့ကျင့်မှုများ လုပ်ဆောင်သွားမည်ဖြစ်သည်ဟု ဗိုလ်ချုပ်အလီမိုဟာမက်နာအီနီက အတည်ပြုပြောကြားကြောင်း သိရသည်။

Mon

0-0-0-0

# ပလတ်စတစ်သုံးစွဲမှုလျှော့ချရေးနှင့် ပလတ်စတစ်ညစ်ညမ်းမှုလျှော့ချရေး အသိပညာပေးလက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေ

**တောင်တွင်းကြီး ဇန်နဝါရီ ၁၂**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ် လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေး၊ မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ် ပြည်သူများအား ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ်အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်း (Campaign) နှင့် ပလတ်စတစ် ညစ်ညမ်းမှုလျှော့ချရေး အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို ယမန်နေ့ နံနက် ၇ နာရီက မြို့မဈေးအတွင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့မဈေးအကျိုးတော်ဆောင်အဖွဲ့များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ ဈေးရောင်း၊ ဈေးဝယ် ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာများ ယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ စက္ကူအိတ်များ အခမဲ့ဖြန့်ဝေခဲ့ကာ ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ်အသုံးပြုမှုလျှော့ချရေးအတွက် အသိပညာပေး (Campaign)ပြုလုပ်ခြင်းကို အပတ်စဉ် တနင်္လာနေ့တိုင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ထံမှ သိရသည်။



(ဝဲပုံ)

နောင်နောင်(မိသနိုးမြေ)



## ဈေးများ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်

**မန္တလေး ဇန်နဝါရီ ၁၂**

မန္တလေး၊ မဟာအောင်မြေမြို့နယ် မီးသတ်ဦးစီးဌာနနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ ရတနာဘုမ္မိအရှေ့ရပ်ကွက်၊အကွက်အမှတ်(၅၄၄)ရှိ မန်းရတနာဈေးတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်ပြီး စစ်ဆေးခြင်း၊အကြံပြုအသိပညာပေးခြင်းများအား ဇန်နဝါရီ ၁၀ရက် နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်ပြီး စစ်ဆေးခြင်း၊ အကြံပြု အသိပညာပေးခြင်းများအား မဟာအောင်မြေမြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိနှင့် တပ်ရင်းမှူး၊ တပ်ခွဲမှူးများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအကျိုးတော်ဆောင်အဖွဲ့နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ ပူးပေါင်း၍ မီးသတ်ရေလှောင်ကန်နှင့် မီးသတ်ဆေးဘူးများထားရှိမှုအပြင် ဈေးသူ၊ ဈေးသားများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ထားရမည့်အချက်များအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၅၇)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၂**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ဇန်နဝါရီ ၈ ရက် နံနက် ၁ နာရီက သာစည်မြို့နယ်၊ ကျွဲတပ်ဆုံကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် တောင်ကြီးမြို့ဘက်မှ ရန်ကုန်မြို့ဘက်သို့ မောင်းနှင်လာသည့် ခရီးသည်တင် မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် လိုက်ပါလာသော ခရီးသည် အေးသိန်းနှင့် တင့်တင့်ထွန်းဆိုသူတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၈၀,၀၀၀ နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် အေးသိန်း(၂၈)နှစ်နှင့် တင့်တင့်ထွန်း(၃၄)နှစ်ဆိုသူတို့အား သာစည်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



## စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၂**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၄ ရက် မွန်းလွဲ ၃နာရီက သက်သေများနှင့်အတူ လှိုင်လင်မြို့နယ်၊ ဟိုတင့်ကျေးရွာအနီး၊ လှိုင်လင်-တောင်ကြီးသွား ကားလမ်းတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် ဖုန်းမြင့်နိုင်ဆိုသူ မောင်းနှင်လာသည့် TOYOTA CROWN အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ပြောင်းဆေးဝါး Happy Water အလေးချိန် ၂ ဒသမ ၃ကီလိုနှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဖုန်းမြင့်နိုင်(၄၆)နှစ်ဆိုသူအား လှိုင်လင်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်တိုးမြှင့် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၂**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လယ်ဝေးခရိုင်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်တိုးမြှင့် ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းတွင် ဒက္ခိဏသီရိမြို့နယ်၊ရန်အောင်မြင်ကျေးရွာအုပ်စု၊ ပေါက်တောကျေးရွာသို့ တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေးသွားရောက် စစ်ဆေးဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ မီးဘေးလုံခြုံရေးဆောင်ရွက်ရာတွင် ဒက္ခိဏသီရိမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ရာဇာဖြိုးနှင့် တပ်ဖွဲ့ဝင်များ၊အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်အတူ ပူးပေါင်းပြီး ပေါက်တောကျေးရွာရှိ အိမ်ထောင်စု ၅၆၂စု၊ အိမ်ခြေ ၅၂၀ လုံးအား မီးဘေးကြိုတင်ကာကွယ်ရေးစစ်ဆေးခြင်း၊ လျှပ်စစ်မီးနှင့် အခြားသောမီးများ သုံးစွဲရာတွင် စနစ်တကျအသုံးပြုကြရန်နှင့် မီးဘေးနှင့်ပတ်သက်၍ ဆောင်ရန်၊ရှောင်ရန်များအား အကြံပေးပြောကြားခြင်း၊ မီးသတ်အရေးပေါ် တယ်လီဖုန်းနံပါတ်များ ဖြန့်ဝေခြင်းများဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)မြို့နယ်(ပြန်/ဆက်)



## စိတ်ပြောင်းဆေးဝါး Happy Water များ ဖမ်းဆီးရမိ

**မန္တလေး ဇန်နဝါရီ ၁၂**

မူးယစ်တပ်ဖွဲ့စု(၁၇)(မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် ရဲမွန်တောင်ရပ်ကွက် ၅၇လမ်း၊ ၃၇လမ်းနှင့် ၃၈လမ်းကြားတွင် စိတ်ပြောင်းဆေးဝါး Happy Water ရောင်းချသုံးစွဲသူများအား ဖမ်းဆီးရမိသဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ထားသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၄ ရက် မွန်းလွဲ ၁၂နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၁၇) (မြောက်ပိုင်း)မှ ရဲအုပ်စိုးနိုင်နှင့် တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ၅၇လမ်း၊ ၃၇လမ်းနှင့် ၃၈လမ်းကြားတွင် စောင့်ဆိုင်းနေစဉ် ဇင်ကိုလတ်ဆိုသူမောင်းနှင်ပြီး ငြိမ်းချမ်းဝင်း၊ ဝေနိုင်စိုးဆိုသူလိုက်ပါလာသော Yunde ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးရာမှ ငြိမ်းချမ်းဝင်းဆိုသူ ဝတ်ဆင်ထားသည့် အနွေးထည်အင်္ကျီအိတ်ကပ်အတွင်းမှ ဖန်ပုလင်းငယ်များဖြင့်ထည့်လျက် Happy Water ဟု ယူဆရသော ပန်းရောင်အမှုန့်အလေးချိန် ၈ ဂရမ်စီပါ ၂၀ပုလင်း၊ စုစုပေါင်း အလေးချိန် ၁၆၀ ဂရမ်အား သိမ်းဆည်းရမိခဲ့ပြီး မူးယစ်ဆေးဝါးများ ရောင်းချပေးသူ စိုင်းလောင်ဆိုင်ဆိုသူအား မဟာမြိုင်(၁)ရပ်ကွက်၊ ၃၇လမ်း၊ ၆၆လမ်းနှင့်၆၇လမ်းကြားရှိ ဟိုတယ်တစ်ခုတွင် ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ စိတ်ပြောင်းဆေးဝါး Happy Water များအား သုံးစွဲဖြန့်ဖြူးရောင်းချရန် လက်ဝယ်ထားရှိသူ ဇင်ကိုလတ်(၂၃)နှစ်၊ ငြိမ်းချမ်းဝင်း(၂၆)နှစ်၊ ဝေနိုင်စိုး(၂၆)နှစ်၊စိုင်းလောင်ဆိုင်(၂၉)နှစ်ဆိုသူတို့အား အမှတ်(၉)မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာဖြင့် အရေးယူထားပြီး အမှုကွင်းဆက်များ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(၀၅၇)

## စောမွန်လှ ပေါ်တော်မူဘုန်းတော်ကြီးသင်ပညာရေးကျောင်း စုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ



**မန္တလေး ဇန်နဝါရီ ၁၂**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ် သစ္စာအဓိဋ္ဌာန်အောင်ဆုတောင်းပြည့် မြတဘက်နဂါးကိုးကောင်ဘုရားအမှတ်(၆)စောမွန်လှပေါ်တော်မူဘုန်းတော်ကြီးသင်ပညာရေးကျောင်း၏ ၂၀၂၄-၂၀၂၅ ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို အဆိုပါကျောင်း အစည်းအဝေးခန်းမ၌ ယနေ့ နံနက်ပိုင်းက ကျင်းပပြုလုပ်သည်။

အခမ်းအနားကို နံနက် ၉ နာရီတွင် စတင်ခဲ့ပြီး ကျောင်းအုပ်ဆရာတော် နဂါးကိုးကောင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တရာဇိန္ဒက ဩဝါဒစကား ချီးမြှင့်သည်။ ထို့နောက် ဆက်လက်၍ မဟာအောင်မြေခရိုင် စီမံ(၂)မှ ဒေါက်တာလှကြွယ်က မှဒိတာစကား ပြောကြားခဲ့ပြီး တတိယတန်း (A)မှ ကျောင်းသား၊ ကျောင်းသူလေးများက ဂျိမ်းဖော တေးသီချင်းဖြင့် ကပြဖျော်ဖြေသည်။

ဆက်လက်၍ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရည်ချွန်ဆု ချီးမြှင့်ခြင်းအခမ်းအနားသို့ အလှူငွေ လှူဒါန်းကြသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်း၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွင်း ထူးချွန်စွာ တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာမများအား ဆုချီးမြှင့်ခြင်း၊ ထူးချွန်သော ကျောင်းသား၊ ကျောင်းသူများအား ပညာရည်ချွန်ဆု ချီးမြှင့်ခြင်းနှင့်အတူ ကျောင်းသား၊ ကျောင်းသူလေးများ၏ ချစ်ခင်နှစ်သက်ဖွယ်ရာ အကများဖြင့် ဖျော်ဖြေတင်ဆက်သည်။

ထို့နောက် ကြွရောက်လာသော ဧည့်ပရိသတ်များအား ထမင်းဟင်းလျာများ၊ အချိုပွဲများဖြင့် ဧည့်ခံကျွေးမွေးသည်။ အခမ်းအနားဖြစ်မြောက်ရေးအတွက် စောနဂါးလေးဖောင်ဒေးရှင်း မိသားစု၊ ဦးစိန်မြင့်+ဒေါ်စန်းကြူမိသားစု၊ ဦးအောင်ဖြိုးမြတ်+ဒေါ်မိုးပွင့်ဦးသာ(MCE ကုမ္ပဏီ မိသားစု)၊ ဦးကျော်လင်း+ဒေါ်ဖြူဖြူ (သား)ဝင်းကိုကိုမိသားစု၊ ဦးစိုင်းလူ+ဒေါ်နန်းကော် မိသားစု၊ ဘုရား၊ ကျောင်း၊ ရဟန်းဒါယိကာမကြီး ဒေါ်ခင်သီတာထွန်း၊ ပညာရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးကျော်ငွေ+ဒေါ်ကြူကြူမြင်း (လနတ်သား ကျောက်မျက်ကုမ္ပဏီမိသားစု)၊ ဒေါ်လှလှကြည်(Five Star မိသားစု)၊ ဦးခင်မောင်မြင့်+ဒေါ်နှင်းယုမိသားစု၊ ကိုဇင်ဖြိုးဦး+မယုယုငြိမ်းမိသားစု အလှူရှင်အသီးသီးတို့ တက်ရောက်ကြပြီး အထူးဧည့်သည်တော်အဖြစ် ဒေါက်တာလှကြွယ်၊ ဦးတင်ထွန်း၊ ဦးအောင်ချမ်းနှင့် ဦးမြင့်သိန်းတို့ တက်ရောက်ကြသည်။

အဆိုပါကျောင်းတွင် နဂါးကိုးကောင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တရာဇိန္ဒ တည်ထောင်သော စောမွန်လှပေါ်တော်မူ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၏ (၁၉)ကြိမ်မြောက် စောမွန်လှဆွေတော်မျိုးတော်များ ရှင်အပါး(၃၀၀)စုပေါင်းရှင်ပြုပွဲကြီးကို တပေါင်းလပြည့်ကျော် ၈ ရက် (၂၁-၃-၂၀၂၅)ရက်တွင် နှစ်စဉ်မပျက်စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါ၍ ပဋ္ဌာန်းဆက်ဆွေတော်မျိုးတော်များအနေဖြင့် ရှင်အပါး (၃၀၀) စုပေါင်းရှင်ပြုပွဲကြီးဖြစ်မြောက်ရေးကော်မတီ ဖုန်း ၀၉-၂၀၃၂၂၄၇ ၀၉-၄၀၂၅၉၈၃၅၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)(ကဆ)**

## ပြာသိုလပြည့်နေ့ အမေများနေ့အကြိုဓမ္မသဘင်အခမ်းအနား ကျင်းပ




**တောင်တွင်းကြီး ဇန်နဝါရီ ၁၂**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်တွင် (၁၁)ကြိမ်မြောက် ပြာသိုလပြည့်နေ့ အမေများနေ့အထိမ်းအမှတ်အကြို ဓမ္မသဘင်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၃ နာရီက ဆူးကောက်ကြီးအုပ်စု၊ ချင်းကုန်းကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးသံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်၊ ငှက်ပစ်တောင်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အရှင်မာနိတထံမှ "တစ်ယောက်ထဲနေချင်တယ်" ခေါင်းစဉ်ဖြင့် တရားတော်ကို ဟောကြားချီးမြှင့်တော်မူခဲ့ပြီး တရားပွဲအပြီးတွင် ဆရာတော်အရှင်သူမြတ်ဟောကြားသော တရားတော်မှ မေးခွန်းပုစ္ဆာများ မေးမြန်းရာ ဖြေဆိုနိုင်သူများအား အမေ့များနေ့ကျင်းပရေးကော်မတီ အဖွဲ့ဝင်များနှင့် တောင်တွင်းကြီးမြို့ဘက်စုံပရဟိတ အကျိုးတော်ဆောင် ဦးဝင်းလေးတို့က ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**နောင်နောင်(ဗိဿနိုးမြေ)**

၀-၀-၀-၀

## မိတ္ထီလာခရိုင်အတွင်းရှိ စက်သုံးဆီဆိုင်များအား အထူးဈေးကွက်စောင့်ကြည့်စစ်ဆေး

**မိတ္ထီလာ ဇန်နဝါရီ ၁၂**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်အတွင်းရှိ စက်သုံးဆီဆိုင်များအား အထူးဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းကို ယမန်နေ့က တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

စားသုံးသူရေးရာဦးစီးဌာန၊ မိတ္ထီလာခရိုင်ဦးစီးမှူးရုံး၊ ခရိုင်ဦးစီးမှူး ဦးဇော်မင်းနှင့် ဝန်ထမ်းများသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ဈေးကွက်အတွင်း ရောင်းချနေသော စက်သုံးဆီများအား သတ်မှတ်အချိန်အတွယ်နှင့် အရည်အသွေး စံချိန်စံညွှန်းပြည့်မီခြင်း ရှိ၊ မရှိ၊ MSME နှင့် စက်မှုလုပ်ငန်းများအတွက် စက်သုံးဆီ လိုအပ်ချက်များ ဝယ်ယူရာတွင်အဆင်ပြေစေရေးနှင့် စက်သုံးဆီများပြတ်လပ်မှု ရှိ၊ မရှိ ခရိုင်အတွင်းရှိ စက်သုံးဆီဆိုင်များအား ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့သည်။



ထိုသို့ကွင်းဆင်းစစ်ဆေးခဲ့ရာတွင် စက်သုံးဆီဆိုင်များတွင် စက်သုံးဆီ ရည်ညွှန်းဈေးတို့ကို အပတ်စဉ်သောကြာနေ့တိုင်း သက်ဆိုင်ရာဌာနများမှ ထုတ်ပြန်ပေးလျက်ရှိရာ သတ်မှတ်ဈေးနှုန်းများဖြင့်သာ ဖြန့်ဖြူးရောင်းချပေးကြရန်နှင့် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း မပြုလုပ်ကြရန်၊ သိုလှောင်ကန်များ၏ လက်ကျန်အခြေအနေနှင့် နေ့စဉ်ဆီဝင်ရောက်မှုအခြေအနေများ၊ ဆီဆိုင်ဖွင့်လှစ်၊ ပိတ်သိမ်းမှုအခြေအနေများ၊ တရားမဝင် စက်သုံးဆီများ ရောင်းချခြင်းမပြုရန် အသိပညာပေးဆွေးနွေးပြီး ဆီဆိုင်တွင် တပ်ဆင်ထားသော CCTV များ Control စနစ်ကောင်းမွန်ခြင်း ရှိ၊ မရှိတို့ကို အထူးကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၄၆၉)

## မင်းဘူးမြို့၌ အခြေခံစာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း ကျင်းပ

**မင်းဘူး ဇန်နဝါရီ ၁၂**

မင်းဘူးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ရှင်သန်ခိုင်မာစေရေးတို့ကို ရည်ရွယ်၍ အခြေခံစာကြည့်တိုက်ပညာဆင့်ပွားသင်တန်းကို ယမန်နေ့ နံနက် ၁၀ နာရီခွဲက ခရိုင်ရုံး Community Centre ခန်းမတွင် ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမောင်မောင်ကျော်က ကျောင်းသား လူငယ်များအပါအဝင် ဒေသခံပြည်သူများ စာပေကို ပိုမိုဖတ်ရှုလေ့လာကြရေး၊ အမှား၊ အမှန် ဝေဖန်ပိုင်းခြားနိုင်ရေး၊ အသိပညာ၊ ဉာဏ်ပညာ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် စာကြည့်တိုက်များ၏ ရှင်သန်ရေးအခန်းကဏ္ဍသည် လွန်စွာအရေးကြီးပါကြောင်း၊ စာကြည့်တိုက်များ စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ယခုလို အခြေခံစာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း ဖွင့်လှစ်ရခြင်းဖြစ်ကြောင်းတို့ကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်ပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်ဝါဝါလှိုင်က စာကြည့်တိုက်များ၏ အခြေခံသဘောတရားများဖြစ်သော စာအုပ်စာစောင်များ စနစ်တကျ ငှားရမ်းရေးနှင့် စာငှား၊ စာဖတ် လယ်ဂျာစာအုပ်များ ထားရှိကာ စာရင်းသွင်းမှတ်တမ်းတင်ထားရှိရေးတို့ကို ဆွေးနွေးပြောကြားပြီး စာကြည့်တိုက်လုပ်ထုံးလုပ်နည်းများကို ဆွေးနွေးဟောပြောသည်။ စာကြည့်တိုက်သင်တန်းသို့ မြို့နယ်အတွင်း စာကြည့်တိုက် ၁၂ တိုက်မှ စာကြည့်တိုက်မှူးများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(၅၀၄)

**မီး သတိပြု။**

| | | | |
|---|---|---|---|
| **ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၆)အနိုင်၊ အရှုံး** (NGB) | | | |
| လိုက်ပဇစ် | ၄ - ၂ | ဝါဒါဘရီမင် | |

| | | |
|---|---|---|
| **အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၀)အနိုင်၊ အရှုံး** (NGB) | | |
| ဂျီနိုအာ | ၁ - ၀ | ပါးမား |
| ပင်းနစ်ဇီးယား | ၀ - ၁ | အင်တာမီလန် |

| | | |
|---|---|---|
| **ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၇)အနိုင်၊ အရှုံး** (NGB) | | |
| လီဟာဗာ | ၁ - ၂ | လန်းစ် |

| | | |
|---|---|---|
| **စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၉)အနိုင်၊ အရှုံး** (NGB) | | |
| လာပါးမက်စ် | ၁ - ၂ | ဂီတာဖေး |
| အက်သလက်တီကို | ၁ - ၀ | အိုဆာဆူနာ |

| | | |
|---|---|---|
| **အင်္ဂလိပ်အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲ (တတိယအဆင့်)အနိုင်၊ အရှုံး** (NGB) | | |
| နယူးကာဆယ် | ၃ - ၁ | ဘရွှမ်လေ |
| ပဲလေ့စ် | ၁ - ၀ | စတော့ပို့တ်ကောင်တီ |

# နိုင်ငံတကာ အားကစား သတင်းများ

## 2025 Adelaide International Scores အမျိုးသားတင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Felix Auger-Aliassime ဆွတ်ခူး



**လန်ဒန် ဇန်နဝါရီ ၁၂**

ဩစတြေးလျနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Adelaide International Scores တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ကနေဒါတင်းနစ်ကစားသမား Felix Auger-Aliassime က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ ကနေဒါတင်းနစ်ကစားသမား Felix Auger-Aliassime သည် 2025 Adela ide International Scores တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် အမေရိကန်တင်းနစ်ကစားသမား Sebastian Korda အား ၆-၃၊ ၃-၆၊ ၆-၁ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ **(အပေါ်ဝဲပုံ)**

အသက်(၂၄)နှစ်အရွယ်ရှိ Felix Auger-Aliassime က "ကျွန်တော် အခုလို 2025 Adelaide International Scores တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးနိုင်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို ဆုတွေထပ်မံဆွတ်ခူးနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(NGB)**

## 2025 Adelaide International Scores အမျိုးသမီးတင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Madison Keys ဆွတ်ခူး

**လန်ဒန် ဇန်နဝါရီ ၁၂**

ဩစတြေးလျနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Adelaide International Scores တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို အမေရိကန်တင်းနစ်မယ် Madison Keys က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ အမေရိကန်တင်းနစ်မယ် Madison Keys သည် 2025 Adelaide International Scores တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် တစ်နိုင်ငံတည်းနေသူတင်းနစ်မယ် Jessica Pegula အား ၆-၃၊ ၄-၆၊ ၆-၁ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက်(၂၉)နှစ်အရွယ်ရှိ Madison Keys က "ကျွန်မ အခုလို 2025 Adelaide International Scores တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးနိုင်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နိုင်ငံအတွက်လည်း အကောင်းဆုံး ဂုဏ်ဆောင်နိုင်ခဲ့ပါတယ်။ ကျွန်မကို အားပေးတဲ့ ပရိသတ်တစ်ဦးချင်းစီကိုလည်း ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။ **(အောက်ပုံ) (NGB)**





## ခူဆာနော့ဗ်အား ခေါ်ယူရန် မန်ချက်စတာစီးတီးအသင်း သဘောတူညီမှုရရှိ

**မန်ချက်စတာ ဇန်နဝါရီ ၁၂**

မန်ချက်စတာစီးတီးအသင်းသည် လန်းစ်အသင်းနှင့် ဥဇဘက်ကစ္စတန် နောက်ခံကစားသမား ခူဆာနော့ဗ်အား ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့သည်။

အသက်(၂၀)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် လန်းစ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၆ပွဲကစားပြီး ၁ဂိုး သွင်းယူကာ ခြေစွမ်းပြထားသလို၊ အနာဂတ်တွင်လည်း ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသောကြောင့် မန်ချက်စတာစီးတီးအသင်းက ခေါ်ယူရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

နောက်ခံကစားသမား ခူဆာနော့ဗ်သည် လာမည့်ရက်ပိုင်းအတွင်း မန်ချက်စတာစီးတီးအသင်းနှင့် ဆေးစစ်မှုခံယူသွားမည်လည်းဖြစ်သည်။

နောက်ခံကစားသမား ခူဆာနော့ဗ်အနေဖြင့် မန်ချက်စတာစီးတီးအသင်းသို့ ပြောင်းရွှေ့ရောက်ရှိခဲ့ပါက ပရီးမီးယားလိဂ်မှာ ပထမဆုံးကစားခွင့်ရသည့် ဥဇဘက်ကစ္စတန် ကစားသမားအဖြစ်လည်း မှတ်တမ်းတင်သွားမည်ဖြစ်သည်။ **(အပေါ်ပုံ) (NGB)**

## ဇင်ချန်ကိုအား ခေါ်ယူရန် အင်တာမီလန်အသင်းနှင့် ဖီနာဘာချီအသင်းတို့ အပြိုင်စိတ်ဝင်စား



**လန်ဒန် ဇန်နဝါရီ ၁၂**

အင်တာမီလန်အသင်းနှင့် ဖီနာဘာချီအသင်းတို့သည် အာဆင်နယ်အသင်း နောက်ခံကစားသမား ဇင်ချန်ကိုအား ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၈)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် အာဆင်နယ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၉ပွဲကစားပြီး ၂ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အင်တာမီလန်အသင်းနှင့် ဖီနာဘာချီအသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

အာဆင်နယ်အသင်းကလည်း ဇင်ချန်ကိုအတွက် သင့်တင့်သည့် ပြောင်းရွှေ့ဈေးနှုန်းရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် အင်တာမီလန်အသင်းနှင့် ဖီနာဘာချီအသင်းတို့အနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် အာဆင်နယ်အသင်းထံမှ ဇင်ချန်ကိုအား မည်သည့်အသင်းက လက်ဦးမှုရရှိအောင် ခေါ်ယူနိုင်မည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(အပေါ်ပုံ) (NGB)**

## အီနက်စ်အူနယ် ဒူးအရွတ်ဒဏ်ရာကြောင့် ရက်သတ္တပတ်အနည်းငယ်ခန့် အနားယူရဖွယ်ရှိ

**လန်ဒန် ဇန်နဝါရီ ၁၂**

ဘုန်းမောက်အသင်းတိုက်စစ်မှူး အီနက်စ်အူနယ် ဒူးအရွတ်ဒဏ်ရာကြောင့် ရက်သတ္တပတ်အနည်းငယ်ခန့် အနားယူရမည်ဖြစ်သည်။

အဆိုပါ တိုက်စစ်မှူးသည် ဘုန်းမောက်အသင်းနှင့်အတူ လေ့ကျင့်ခန်းအစီအစဉ်တွင် ပါဝင်ကစားရင်း ဒူးအရွတ်ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။**(အောက်ယာပုံ)**

တိုက်စစ်မှူး အီနက်စ်အူနယ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ဘုန်းမောက်အသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၇)နှစ်အရွယ်ရှိ တိုက်စစ်မှူး အီနက်စ်အူနယ်သည် ဘုန်းမောက်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၇ပွဲကစားပြီး ၂ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။ **(NGB)**

## ပက်ဇ်ကေး ရီးရဲလ်မက်ဒရစ်အသင်းတွင်သာ ဆက်ရှိသွားမည်

**မက်ဒရစ် ဇန်နဝါရီ ၁၂**

ရီးရဲလ်မက်ဒရစ်အသင်း နောက်ခံကစားသမား ဗက်ဇ်ကေးက မိမိအနေဖြင့် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

အဆိုပါ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

နောက်ခံကစားသမား ဗက်ဇ်ကေးသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၁၅-၂၀၁၆မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၇၄ပွဲကစားပြီး ၃၈ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၃၃)နှစ်အရွယ်ရှိ ဗက်ဇ်ကေးက "ကျွန်တော် အသင်းမှာ ဆက်ရှိသွားမှာပါ။ ဒီအသင်းမှာပျော်ရွှင်နေပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုတွေကို ဆက်လက်ရယူသွားလိုပါတယ်"ဟု ပြောသည်။ **(NGB)**



## နည်းပြ ဒေးဗစ်မိုရက်စ်အား နည်းပြသစ်အဖြစ် အဲဗာတန်အသင်းခန့်အပ်



**လန်ဒန် ဇန်နဝါရီ ၁၂**

အဲဗာတန်အသင်းနည်းပြသစ်အဖြစ် နည်းပြ ဒေးဗစ်မိုရက်စ်အား ၂နှစ်ခွဲစာချုပ်ချုပ်ဆိုကာ ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် နည်းပြဘဝသက်တမ်းတစ်လျှောက်တွင် မန်ချက်စတာယူနိုက်တက်၊ ဝက်စ်ဟမ်း၊ ဆန်းဒါးလန်းစသည့် ကလပ်အသင်းများအပြင် အဲဗာတန်အသင်းအားလည်း ၂၀၀၂မှ ၂၀၁၃ခုနှစ်အထိ ကိုင်တွယ်ခဲ့ဖူးပြီး ယခုအခါ ဒုတိယအကြိမ်မြောက် ကိုင်တွယ်ရတော့မည်ဖြစ်သည်။

အသက်(၆၁)နှစ်အရွယ်ရှိ ဒေးဗစ်မိုရက်စ်က "ကျွန်တော် အခုလို အဲဗာတန်အသင်းအား ပြန်လည်ကိုင်တွယ်ခွင့်ရမယ်ဆိုတော့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ကျွန်တော်ကို ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ အဲဗာတန်အသင်းရလဒ်ကောင်းတွေရရှိဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(အပေါ်ပုံ) (NGB)**

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၀) ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပထမအကျော့ ရလဒ်) | ယမန်နှစ် ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၁၄-၁-၂၀၂၅ | (၂၀)မွန်ဇာ - ဗီအိုရင်တီးနား(၆) | မွန်ဇာ ၀-၁ ဗီအိုရင်တီးနား | မွန်ဇာ(အိမ်) | ၁၀ | - | ၃ | ၇ | ၈ | ၁၅ |
| နံနက်၀၂:၁၅နာရီ | (ဗီအိုရင်တီးနား ၂-၂ မွန်ဇာ) | ဗီအိုရင်တီးနား ၂-၁ မွန်ဇာ | ဗီအိုရင်တီးနား(ဧည့်) | ၉ | ၄ | ၃ | ၂ | ၁၅ | ၇ |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၉) ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ၅ပွဲ ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၁၄-၁-၂၀၂၅ | (၇)ဆိုစီဒက် - ဗီလာရီးရဲလ်(၅) | ဆိုစီဒက် ၁-၃ ဗီလာရီးရဲလ် | ဆိုစီဒက်(အိမ်) | ၉ | ၃ | ၂ | ၄ | ၉ | ၉ |
| နံနက်၀၂:၃၀နာရီ | (L,W,W,D,L) (D,L,L,D,W) | ဗီလာရီးရဲလ် ၀-၃ ဆိုစီဒက် | ဗီလာရီးရဲလ်(ဧည့်) | ၉ | ၅ | ၂ | ၂ | ၁၆ | ၁၃ |

### အင်္ဂလိပ် အက်ဖ်အေဖလား (တတိယအဆင့်) ပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(အမှတ်ပေးပွဲအဆင့်) | နောက်ဆုံးတွေ့ဆုံမှု |
|---|---|---|---|
| ၁၄-၁-၂၀၂၅ အင်္ဂါနေ့ | နံနက်၀၂:၀၀နာရီ | ပီဗေါလ်(ချန်ပီယံရှစ်-၁၄) - ဒါဂင်ဟမ်(နေရှင်နယ်လိဂ်-၁၉) | ပီဗေါလ် ၅-၀ ဒါဂင်ဟမ် |

# ၂၀၁၂ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အလုပ်တွင် ထိခိုက်မှုကြောင့် လုပ်အားဆုံးရှုံးမှုအတွက် အကျိုးခံစားခွင့်ထုတ်ပေး

**မိတ္ထီလာ ဇန်နဝါရီ ၁၂**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် ၂၀၁၂ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အလုပ်တွင် ထိခိုက်မှုကြောင့် လုပ်အားဆုံးရှုံးမှုအတွက် အကျိုးခံစားခွင့် ထုတ်ပေးခြင်းကို ဇန်နဝါရီ ၁၁ ရက် နံနက် ၁၀ နာရီက မြို့နယ် လူမှုဖူလုံရေးရုံး၌ ပေးအပ်ခဲ့သည်။



၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေနှင့်အညီ အလုပ်တွင် ထိခိုက်မှုကြောင့် လုပ်အားဆုံးရှုံးမှုအတွက် အကျိုးခံစားခွင့်ထုတ်ပေးခြင်းကို မန္တလေးတိုင်းဒေသကြီးလူမှုဖူလုံရေးရုံးမှ တိုင်းဒေသကြီးတာဝန်ခံ အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်ထွန်းက မိတ္ထီလာ မြို့နယ်လူမှုဖူလုံရေးရုံးတွင် အကျုံးဝင် မှတ်ပုံတင်ထားသည့် တပ်မတော် ချည်မျှင်နှင့် အထည်စက်ရုံမှ အာမခံအလုပ်သမား ဦးနန်းကိုအောင်၏ အလုပ်ခွင်အတွင်း မတော်တဆထိခိုက်မှုကြောင့် အမြဲတမ်းလုပ်အားဆုံးရှုံးမှု ၃၀ ရာခိုင်နှုန်း ၇နှစ်စာ ငွေလုံးငွေရင်း အကျိုးခံစားခွင့် ငွေကျပ် ၂၅၄၀၁၆၀ ကို ကာယကံရှင်ထံသို့ လက်ဝယ်ပေးအပ်ခဲ့သည်။

အဆိုပါပေးအပ်ပွဲသို့ မန္တလေးတိုင်းဒေသကြီးလူမှုဖူလုံရေးရုံးမှ တိုင်းဒေသကြီးတာဝန်ခံ အရာရှိ ဒုတိယညွှန်ကြားရေးမှူးနှင့် မိတ္ထီလာမြို့နယ်လူမှုဖူလုံရေးရုံးမှ ရုံးခွဲတာဝန်ခံ ဒေါ်အိသဥ္ဇာမောင်နှင့် ဝန်ထမ်းများ၊တပ်မတော် ချည်မျှင်နှင့် အထည်စက်ရုံမှ အာမခံ အလုပ်သမား ဦးနန်းကိုအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ) (၄၆၉)



# ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်း ဆောင်ရွက်

**မြို့သစ် ဇန်နဝါရီ ၁၂**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများ ကလေးအလုပ်သမားနှင့်ပတ်သက်၍ အသိပညာ ဗဟုသုတများရရှိစေရေးအတွက် ကလေးအလုပ်သမားပပျောက်ရေး ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၀ ရက် မွန်းလွဲ ၁ နာရီက ပုလင်းကျေးရွာအုပ်စု၊ ပုလင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းအိဖွန်က ကလေးအလုပ်သမားပပျောက်ရေးနှင့်ပတ်သက်သည့် ကလေးအလုပ်သမား၏အသက်အရွယ်၊ ကလေးအလုပ်သမားဆိုသည်မှာ၊ ကလေးအလုပ်သမားများ၏ အလုပ်ချိန်ကန့်သတ်ချက်၊ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေနှင့် ကလေးအလုပ်သမား ပပျောက်ရေးအတွက် အသိပညာ အကြောင်းအရာများကို ဟောပြောခဲ့ပြီး ကျောင်းသား၊ကျောင်းသူများအား ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)ဝင်းအိဖွန်(ပြန်/ဆက်)**

# ဝါသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(လွန်ကျော်)တွင် ပိုက်ဆံလျှော်နှင့် ရေဆင်း-၁ စပ်မျိုးနေကြာ မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ် တောင်သူပညာပေး ကွင်းသရုပ်ပြပွဲ ပြုလုပ်

**ကျောက်ဆည် ဇန်နဝါရီ ၁၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် လွန်ကျော် ဝါသီးနှံသုတေသနနှင့် နည်းပညာ ဖွံ့ဖြိုးရေးခြံ(လွန်ကျော်)တွင် ယမန်နေ့ နံနက်ပိုင်းက တောင်သူများ မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့ ထုတ်လုပ်နိုင်ရန်ရည်ရွယ်၍ ဆောင်းသီးနှံဖြစ်သည့် နေကြာရေဆင်း စပ်မျိုး-၁နှင့် ပိုက်ဆံလျှော်(မျိုးစေ့ထုတ်)စိုက်ခင်းများ၌ မျိုးကောင်း၊မျိုးသန့်စိုက်ပျိုးထုတ်လုပ်မှု နည်းစနစ်များအားသိရှိစေရန် တောင်သူပညာပေးကွင်းသရုပ်ပြပွဲနှင့် နည်းပညာပေးဆွေးနွေးပွဲ ကျင်းပခဲ့ရာ ကျောက်ဆည်ခရိုင် စိုက်ပျိုးရေးကြီးကြပ်ရေးအဖွဲ့၊ ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား မြို့နယ်များမှ မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူးများ၊ ဝန်ထမ်းများ နေကြာ သီးနှံနှင့် ပိုက်ဆံလျှော်စိုက်ပျိုးသည့် တောင်သူများ တက်ရောက်ခဲ့သည်။ **(အောက်ပုံ)**

အသိပညာပေးဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းထိန်မှ ၂၀၂၅-၂၀၂၆ ခုနှစ်တွင် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးစေ့ထုတ်လုပ်မှုလုပ်ငန်းများ ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပြီး တောင်သူများအနေဖြင့် လွန်ကျော်ခြံ၌ တစ်ကွင်းတစ်ဆက်တည်း ဧကကျယ် စိုက်ပျိုးထားသော ရေဆင်း-၁ စပ်မျိုး နေကြာနှင့် ပိုက်ဆံလျှော်မျိုးစေ့ထုတ်စိုက်ခင်းများ၊ စံချိန်စံညွှန်းနှင့်အညီမျိုးစေ့ထုတ် စိုက်ပျိုးထုတ်လုပ်နေသည့်နည်းစနစ်များ၊ မျိုးကောင်း၊မျိုးသန့်၊မျိုးစေ့သိုလှောင်ပုံနည်းစနစ်များ သိရှိစေရန်နှင့် လွန်ကျော်ခြံမျိုးစေ့သိုလှောင်ရုံ၌ ဝါသီးနှံအပြင် အခြားသီးနှံဖြစ်သည့် နေကြာ၊ပိုက်ဆံလျှော်၊စပါးစသည့် သီးနှံများအား မျိုးစေ့သိုလှောင်မှု စနစ်နှင့် မျိုးအလုံအလောက် ဖြန့်ဖြူးပေးနိုင်မှုအခြေအနေအား သိရှိစေရန်ရည်ရွယ်၍ အသိပညာပေး ဆွေးနွေးပွဲနှင့် ကွင်းသရုပ်ပြပွဲ ပြုလုပ်ရခြင်းဖြစ်ကြောင်း အဖွင့်အမှာ စကားပြောကြားခဲ့သည်။

ထို့နောက် လွန်ကျော်ဝါသီးနှံ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ (လွန်ကျော်)ခြံတာဝန်ခံ ဒေါက်တာ အေးအေးမြတ်နှင့်တာဝန်ရှိသူတို့က လွန်ကျော်ခြံ၌ တစ်ကွင်းတစ်ဆက်တည်း ၂၅ဧက စိုက်ပျိုးထားသော ဆောင်းသီးနှံရေဆင်း-၁စပ်မျိုး နေကြာနှင့် ဧက ၂၀ အကျယ် စိုက်ပျိုးထားသော ပိုက်ဆံလျှော် မျိုးစေ့ထုတ်စိုက်ခင်းများအား တောင်သူများနှင့်အတူ ကွင်းဆင်း၍ မျိုးကူးစပ်ထုတ်လုပ်ပုံအဆင့်ဆင့်နှင့် ပိုက်ဆံလျှော်စိုက်ပျိုးခြင်းဖြင့်ရရှိနိုင်မည့် အကျိုးကျေးဇူးများ ရှင်းလင်းပြောကြားခဲ့ပြီး၊ မျိုးစေ့သိုလှောင်ရုံ၌ ရွှေတောင်-၈၊ ရွှေတောင်-၁၀၀ါမျိုးစေ့များ၊ နေကြာမျိုးစေ့၊ ပိုက်ဆံလျှော်မျိုးစေ့၊ အောင်နိုင်တိုး(YSR-1)နှင့် ဧရာပဒေသာ စပါးမျိုးသန့်၊မျိုးစေ့များ စနစ်တကျ သိုလှောင်ထားရှိမှုနှင့် မျိုးစေ့အလုံအလောက်ဖြန့်ဖြူးနိုင်မည့် အခြေအနေများအား လက်တွေ့ပြသခဲ့ပြီး တောင်သူများ အနေဖြင့် မိမိတို့လိုအပ်သော မျိုးစေ့များ ဝယ်ယူလိုပါက ဝယ်ယူနိုင်ကြောင်းနှင့် တောင်သူများက စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာခဲ့ပြီး သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ပြီး မျိုးစေ့များ လက်တွေ့ဝယ်ယူသွားကြကြောင်း သိရသည်။

(၄၈၅)



# ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းစိုက်ဧက ၁၈၇၅ စိုက်ပျိုး ပြီးစီး

**ရမည်းသင်း ဇန်နဝါရီ ၁၂**

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဆောင်းနှမ်းစိုက်ဧက ၁၈၇၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရမည်းသင်းမြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

အဆိုပါ မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဆောင်းနှမ်း ၁၉၀၀ ဧကစိုက်ပျိုးရန် လျာထားပြီး၊ ၂၀၂၄ ခုနှစ် အောက်တိုဘာလမှစ၍ စတင်စိုက်ပျိုးခဲ့ရာ ယနေ့အထိ ဆောင်းနှမ်းစိုက်ဧက ၁၈၇၅ ဧကကို စိုက်ပျိုးပြီးဖြစ်ကြောင်း၊ကျန်ရှိနေသေးသည့် ဧကများကိုလည်း ဆက်လက်စိုက်ပျိုးလျက်ရှိသည်။

"ဒီနှစ်ရမည်းသင်းမြို့နယ်မှာ ဆောင်းနှမ်း ၁၉၀၀ ဧကကို စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ စိုက်ပျိုးပြီးဧကအနေနဲ့ ၁၈၇၅ ဧကပြီး နေပါပြီ။ နှမ်းစိုက်ဧကတွေ တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်နဲ့ စိုက်ပျိုးဖို့အတွက် ဆောင်ရွက်ပါတယ်။ ယခုနှစ် ဆောင်းနှမ်းစိုက်တောင်သူတွေကို စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်ဖို့၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်တဲ့မျိုးများ စိုက်ပျိုးနိုင်စေဖို့အတွက် အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးပါတယ်။ ခုလိုမျိုးဆီထွက်သီးနှံတွေ စိုက်ပျိုးနိုင်တာကြောင့် ပြည်တွင်းဆီစားသုံးမှုကိုလည်း တစ်ဖက်တစ်လမ်းကနေ အထောက်အကူဖြစ်စေပါတယ်"ဟု ၎င်းက ရှင်းပြသည်။

ထို GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများသည် ပြည်တွင်း ဈေးကွက်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည်အထိ အရည်အသွေးကောင်းမွန်ခြင်းကြောင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့် တောင်သူများအကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ အဆိုပါမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းနှမ်းကို လျာထားချက်ပြည့်မီ ကျော်လွန်အောင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ) (၀၇၃)**



## သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းဆု (Clean and Green School Award) များ ပေးအပ်ချီးမြှင့်နိုင်ရေး ကွင်းဆင်းစစ်ဆေး



**ဥတ္တရသီရိ ဇန်နဝါရီ ၁၂**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း ၂၀၂၅ ခုနှစ် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းဆု (Clean and Green School Award) များ ပေးအပ်ချီးမြှင့်နိုင်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပါဝင်ယှဉ်ပြိုင်မည့် ပုဗ္ဗသီရိမြို့နယ်ရှိ အခြေခံပညာကျောင်းများသို့ ဆု စိစစ်ရွေးချယ်ရေး အဖွဲ့ဝင်များ မြေပြင်ကွင်းဆင်း စစ်ဆေးခြင်းကို ဇန်နဝါရီ ၈ ရက် မွန်းလွဲပိုင်းက ဆောင်ရွက်ခဲ့သည်။

ထိုသို့ မြေပြင်ကွင်းဆင်း စစ်ဆေးရာတွင် နေပြည်တော်အဆင့် ဌာနဆိုင်ရာများဖြစ်ကြသော စည်ပင်သာယာရေးကော်မတီ (ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပညာရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနနှင့် ဇေယျာသီရိခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တို့မှ တာဝန်ရှိသူများက ပုဗ္ဗသီရိ မြို့နယ်ရှိ အောင်သာယာရပ်ကွက် အခြေခံပညာမူလတန်း(လွန်) ကျောင်းနှင့် အမှတ်(၁၃) အခြေခံ ပညာအထက်တန်းကျောင်းများ သို့ သွားရောက်၍ သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းဆု (Clean and Green School Award) များ ပေးအပ်ချီးမြှင့်နိုင် ရေးအတွက် သတ်မှတ်ထားသည့် အညွှန်းကိန်း(၁၇)ချက်ပါ လုပ်ငန်း စဉ်များ လိုက်နာအကောင်အထည် ဖော်ဆောင်ရွက်နေမှု အခြေအနေ များအား မြေပြင်ကွင်းဆင်း စစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်စွက်မှာကြား ဆောင်ရွက်ခဲ့ ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

## ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန် လူငယ်အသိပညာပေး ဟောပြော



**မင်းဘူး ဇန်နဝါရီ ၁၂**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူငယ်ရေးရာကော်မတီနှင့် အခြေခံပညာအထက်တန်းကျောင်း (စကု)တို့ ပူးပေါင်းကျင်းပသော အသိပညာပေး ဟောပြောပွဲကို ဇန်နဝါရီ ၁၀ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးတိုးလွင်က အဖွင့်အမှာ စကားပြောကြားပြီး ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ချိုချိုဝင်းက လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲ ကျင်းပပေးရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ မင်းဘူးမြို့ စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ် ဦးစီးမှူး ဦးမြင့်ကြည်က စားသုံးသူ အခွင့်အရေးအချက်(၈) ချက်ကို လည်းကောင်း၊ မြို့နယ်အားကစား မှူး ဒေါ်နှင်းက အားကစားနည်း ဆိုင်ရာ အခြေခံနည်းစနစ်များနှင့် အားကစားကို လေ့လာလိုက်စား ကာ ကစားစေခြင်းဖြင့် ကိုယ်ခန္ဓာ ကျန်းမာကြံ့ခိုင်စေရန်နှင့် ထူးချွန် ထက်မြက်သော အားကစားသမား များ ပေါ်ထွက်လာစေရန် အခြေခံ အားကစားနည်းများကို အသိ ပညာပေး ဟောပြောခဲ့ကြသည်။

ထို့နောက် ကျောင်းအုပ်ဆရာ ကြီးက ကျေးဇူးတင်စကား ပြန် လည်ပြောကြားကာ ပြန်ကြားရေး နှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန က အသိပညာပေး နံရံကပ်စာ စောင်နှင့် သုတ၊ ရသ စာအုပ် များ ပြသထားရာ ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့ လာခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (၅၀၄)

## ကျောက်ဆည်မြို့တွင် အမှိုက်များကို စနစ်တကျစွန့်ပစ်ရေး Campaign ပြုလုပ်

**ကျောက်ဆည် ဇန်နဝါရီ ၁၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည် မြို့နယ်တွင် "တို့ကမ္ဘာသာယာဖို့ အမှိုက်စနစ်တကျ စွန့်ပစ်စို့" ဆောင်ပုဒ်နှင့်အညီ ခရီးသွား ပြည်သူများအနေဖြင့် အမှိုက်များ ကို လမ်းများပေါ်တွင် အလွယ် တကူ မစွန့်ပစ်ဘဲ အမှိုက်ပုံး၊ အမှိုက်ကန်ရှိသည့်နေရာများတွင် စနစ်တကျစွန့်ပစ်နိုင်ရေး စွန့်ပစ် ပစ္စည်းများနှင့် တစ်ခါသုံး ပလတ် စတစ် သုံးစွဲမှုလျှော့ချရေး အသိ ပညာပေး Campaign ကို ဇန်နဝါရီ ၁၁ ရက် နံနက်ပိုင်းက ပြည်ပန်း ကျေးရွာအနီး ကျောက်ဆည် မြို့ရှောင် ရန်ကုန်-မန္တလေးကား လမ်းတွင် ပြုလုပ်ခဲ့သည်။

အဆိုပါ အမှိုက်စနစ်တကျ စွန့်ပစ်ရေး Campaign ပြုလုပ် ရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကောင်းမြတ်နိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော် လင်းထွန်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ခရိုင်ပတ်ဝန်းကျင်ထိန်း သိမ်းရေးဦးစီးဌာန၊ မြို့နယ်စည်ပင် သာယာရေးဦးစီးဌာန၊ မီးသတ် ဦးစီးဌာန၊ ခရိုင်မြို့နယ်မိခင်နှင့် ကလေးနှင့် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ လူမှုရေးအသင်းအဖွဲ့ များပူးပေါင်း၍ ရန်ကုန်-မန္တလေး ကားလမ်း ခရီးသွားပြည်သူများ အား ပလတ်စတစ်လျော့ကျသော ပတ်ဝန်းကျင်ဖြစ်စေဖို့ ပညာပေး အကြောင်းအရာ ကိုးခု၊ အမှိုက် ထွက်ရှိမှုနည်းပါးရေးနှင့် စွန့်ပစ် ပစ္စည်းများ ပြန်လည်အသုံးပြု သည့်နည်းလမ်းများ၊ အမှိုက်များ ကို စနစ်တကျ ထုပ်ပိုးခြင်း၊ အမှိုက်စွန့်ပစ်ရန်နေရာများတွင် အမှိုက်များ စွန့်ပစ်ခြင်း၊ အမှိုက် များကိုခွဲခြားစွန့်ပစ်ခြင်း၊ ပလတ် စတစ်ညစ်ညမ်းမှု၊ ကြွပ်ကြွပ်အိတ် လျှော့ချရမည့်နည်းလမ်း ငါးသွယ်၊ ပလတ်စတစ်အသုံးပြုမှု၏ ဆိုး ကျိုးများ အမှိုက်စနစ်တကျ စွန့် ပစ်ရေးစသည့် အသိပညာပေး စာသားများပါဝင်သည့် လက်ကမ်း စာစောင်များ ဖြန့်ဝေခဲ့ပြီး အမှိုက် များအား လမ်းမပေါ်တွင် မစွန့်ပစ် ဘဲ အမှိုက်ပုံး၊ အမှိုက်ကန်ရှိသည့် နေရာများတွင် စနစ်တကျ စွန့်ပစ်



ကြပါရန် စာသားပါသည့် စတစ် ကာကပ်ခြင်းများ ဆောင်ရွက် ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (၄၈၅)

## ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲကြီးသီးနှံ သတ်မှတ်လျာထားဧကထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့

**ပွင့်ဖြူ ဇန်နဝါရီ ၁၂**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲ မျိုးစုံသီးနှံ စိုက်ပျိုးထုတ်လုပ်မှု ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသခံတောင်သူများ သီးနှံဝင်ငွေ တိုးပွားစေရန်အတွက် ပဲကြီးသီးနှံ စိုက်ပျိုးမှုအား လျာထားဧက ထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုး မိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံသီးနှံ စိုက်ပျိုးမှုအနေဖြင့် မတ်ပဲ ၁၃၂ ဧက၊ ပဲကြီး ၃၆၉၇ ဧက၊ ပဲကြား ၃၉၁ ဧက၊ စား တော်ပဲ ၃၁၈၅ ဧက၊ ကုလားပဲ ၂၁၈၄၃ဧက၊ ပဲလွမ်း ၃၂၃၂ဧက၊ ပဲနောက် ၄၁၈ ဧက၊ ပဲယင်း ၂၁၄ ဧက၊ ထောပတ်ပဲ ၇၇၃၂ ဧက၊ အခြားပဲသီးနှံ ၉၅၆ ဧက၊ စုစုပေါင်း ပဲမျိုးစုံသီးနှံ ၄၁၈၀၀ ဧက လျာထားစိုက်ပျိုးဆောင်ရွက် လျက်ရှိရာ ဒေသခံတောင်သူများ က ပဲမျိုးစုံသီးနှံ လျာထားစိုက် ဧက ပြည့်မီရေးအတွက် ၂၀၂၄ ခုနှစ် အောက်တိုဘာလမှစပြီး စိုက်ပျိုးခဲ့ကြောင်း အဆိုပါ ပဲမျိုးစုံ သီးနှံများတွင် ပဲကြီးသီးနှံအား ၄၈၂၂ ဧက စိုက်ပျိုးနိုင်ခဲ့သဖြင့် လျာထားစိုက်ဧကထက် ကျော် လွန် စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"ဒီနှစ် ဆောင်းသီးနှံရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ပဲမျိုးစုံသီးနှံ စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုး တိုးတက်စေရန်အတွက် ပဲမျိုးစုံ သီးနှံ ၄၁၈၀၀ ဧက လျာထား စိုက်ပျိုးခဲ့ရာ ယနေ့အထိ ဧက ခြောက်သောင်းကျော် စိုက်ပျိုး ပြီးစီးပြီ ဖြစ်တယ်။ ပဲမျိုးစုံ သီးနှံများတွင် ပဲကြီးသီးနှံစိုက်ပျိုး မှုကို လျာထားဧကထက် ကျော် လွန်စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လက်ရှိမှာ စိုက်ပျိုးပြီးစီးတဲ့ ပဲကြီး သီးနှံစိုက်ခင်းများကို အထွက်နှုန်း ကောင်းမွန်ရေးအတွက် ဒေသခံ တောင်သူတွေကို စိုက်ပျိုးရေး သွင်းအားစုတွေ အချိန်ကိုက် စနစ် တကျ သုံးစွဲကြဖို့ ပိုးမွှားမကျ ရောက်အောင် ကြိုတင်ကာကွယ် နှိမ်နင်းကြဖို့ စတဲ့တောင်သူပညာ ပေးလုပ်ငန်းများကို ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်နေပါတယ်" ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီး ဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေ က ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲကြီးသီးနှံအပါအဝင် ပဲမျိုးစုံသီးနှံ စိုက်ပျိုးတောင်သူများကို စိုက်ပျိုး ရေးဦးစီးဌာနက သီးနှံအထွက်နှုန်း များ ကောင်းမွန်စေရေးနှင့် အရည် အသွေးပြည့်ဝသော သီးနှံများ ထွက်ရှိရေးအတွက် စိုက်နည်း စနစ် မှန်ကန်အောင် ဒေသနှင့် ကိုက်ညီသော မျိုးကောင်းမျိုးသန့် များ စိုက်ပျိုးနိုင်အောင် သဘာဝ မြေဩဇာနှင့် သဘာဝဆေးများ စနစ်တကျ ထုတ်လုပ်သုံးစွဲတတ် အောင် လိုအပ်သော စိုက်ပျိုးရေး ဆိုင်ရာသင်တန်းများ ဖွင့်လှစ် သင်ကြားပေးခြင်း၊ တောင်သူပညာ ပေး ဆွေးနွေးပွဲများ ဆောင်ရွက် ပေးခြင်း၊ စိုက်ပျိုးရေး ကွင်းသရုပ် ပြပွဲများ ပြုလုပ်ပေးခြင်း စသည့် တောင်သူပညာပေးလုပ်ငန်းများ ကို သက်ဆိုင်ရာ ဆက်စပ်ဌာနများ နှင့်ပူးပေါင်း၍ ပံ့ပိုးကူညီဆောင် ရွက်ပေးလျက်ရှိကြောင်း သိရ သည်။



(ဝဲပုံ)

(၄၄၅)

ဝတ္ထုတိုကဏ္ဍ

# လက်စွပ်လေး ပြန်လာပေးတဲ့ အမေ

မျိုးဦး



'အမယ်လေး . . . အမေရေ . . . ကယ်ပါဦး' 'ဗိုက်နာလို့ သေတော့မယ်။ အမယ်လေး . . . လေး . . ဆရာ၊ ဆရာမတို့ရယ် လုပ်ကြပါဦး'

မီးဖွားကာနီးဆဲဆဲ မအေးသိန်း၏ ညည်းတွားအော်သံများပင်ဖြစ်သည်။

မအေးသိန်းတစ်ယောက် မွေးရက်နီးပြီမို့ ဆေးရုံရောက်ခဲ့သည်။ ဗိုက်နာလွန်း၍ ဖွင့်အော်ညည်းတွားနေသည်။ လူနာစောင့်လိုက်လာသည့် အဒေါ်နှင့် အစ်မလည်း အေးသိန်း အော်ညည်းနေသည်ကို မှင်သက်ကြည့်နေကြသည်။ အတန်ကြာမှ အစ်မဖြစ်သူက ဆရာဝန်ပြေးခေါ်သည်။

ဆရာဝန်ရောက်လာပြီး မှတ်တမ်းများကြည့်သည်။ စမ်းသပ်ကြည့်ကာ 'သမားရိုးကျ မွေးဖို့ခက်လိမ့်မယ်၊ သားဦး ကိုယ်ဝန်ဖြစ်တာရယ်၊ လူနာအားနည်းနေတာကြောင့် ခွဲမွေးရလိမ့်မယ်။ ကလေးရော၊ လူကြီးရော ဘေးကင်းအောင်လို့ပါ'

ဆရာဝန်နှင့်ပါလာသည့် သူနာပြုဆရာမက သဘောတူကြောင်း လက်မှတ်ထိုးရန်နှင့် လိုအပ်သည်များ ပြင်ဆင်စရာများ ပြောသွားသည်။

'ဗိုက်ခွဲမွေးရမယ်ဆိုပါလား။ အမယ်လေး . . ကြောက်စရာ' 'အရေပြားလေး ထိရှတာတောင် အတော်နာတာ၊ ဗိုက်ခွဲမှာဆိုတော့ ပိုပြီးနာမှာ' ဟု အေးသိန်းတွေးမိသည်။

'သမီးရယ် နေပါဦးလား၊ နောက်ထပ် နှစ်နှစ်လောက်နေပါဦးလား၊ ငယ်သေးတော့ သားမွေးကိစ္စမှာ အခက်တွေ့တတ်တယ်'

အမေပြောတဲ့စကား အေးသိန်း ပြန်ကြားယောင်မိသည်။ အမေပြောခဲ့စဉ်က နားထောင်ခဲ့ရင်အကောင်းသား။ အခုတော့ ကိုယ့်အပြစ်နဲ့ကိုယ် . . ။

'ဘာတတ်နိုင်မှာလဲ။ အသက်ဆုံးရင်ဆုံးစေတော့ ရင်သွေးလေး အသက်ရှင်ဖို့ရာ အရေးကြီးတယ်။ ငါအနာခံမယ်။ နာရုံအပြင် ဘာရှိမှာလဲ'

အေးသိန်းတစ်ယောက် ကြောက်စိတ်တွေ၊ စိုးထိတ်စိတ်တွေ တခဏချင်း ပျယ်လွင့်သွားသည်။ ဘယ်ကဘယ်လို သတ္တိတွေ၊ ခွန်အားတွေ ဝင်လာသည်မသိ။ သွေးသားထဲက စိမ့်ထွက်လာသော မေတ္တာဓာတ်များပင်ဖြစ်သည်။

အေးသိန်းခွဲမွေးတာ ချောချောမွေ့မွေ့ပင်။ ကျန်းမာရေးဂရုစိုက်ရန်နှင့် အာဟာရပြည့်ပြည့်ဝဝစားရန် ဆရာဝန်မကြီးက မှာကြားသည်။ ခွဲပြီးကာစ ဆေးအရှိန်နှင့်မို့ ချုပ်ရိုးနေရာက မနာသော်လည်း နောက်နေ့မှာ စပ်ဖျဉ်းဖျဉ်းနှင့် နာနေသည်။ ရက်နှစ်ပတ်လောက်နာတာ မပျောက်။ ဆောင်းတွင်းပိုင်းမို့ အနာဒဏ်နှင့် အနေခက်လှသည်။

အနေခက်ပေမယ့် သမီးလေး မျက်နှာ၊ သမီးလေးအမူအရာ၊ သမီးလေး ငိုသံသာတွေကြားမှာ နာကျင်တာတွေ အရေးမထားအား။ အချိန်မှန်နို့တိုက်၊ ကလေးအအေးမပတ်အောင် ဂရုစိုက်၊ သေးစိုကလေးငိုတာ အရိပ်ကြည့်လိုက်နှင့် ဗျာများနေသည်။

အေးသိန်းတို့ လင်မယား သစ်သီးအရောင်းအဝယ်နှင့် စီးပွားရှာကြသည်။ အရောင်းအဝယ်တွေက သူ့ထက်ငါ အပြိုင်အဆိုင်မို့ စရောင်းတုန်းကလောက် အဆင်မပြေ။ ဒီကြားထဲ မီးဖွားပြီးစမို့ ဈေးမလိုက်နိုင်သေး။ ယောကျာ်းဖြစ်သူ တစ်ဦးတည်း ဈေးထွက်သည်။ သားဦး မွေးတာလည်းဖြစ်ပြန် ဗိုက်ခွဲမွေးတာလည်းဖြစ်တာမို့ အားပြန်မွေးရမည်။

ကလေးကျန်းမာရေးဂရုစိုက်ရသလို ကိုယ့်ကျန်းမာရေးလည်း ဂရုပြုရသည်မို့ ခါတိုင်းထက် ဆေးဝါးစရိတ်၊ စားစရိတ် ပိုလာသည်။ ငွေလိုပြီး။ အမျိုးမျိုးအဖုံဖုံ စဉ်းစားသည်။ စဉ်းစားမရသည့်အဆုံး ဆုံးဖြတ်ချက် တစ်ခုချလိုက်သည်။ အမေ့ဆီသွားမည်။ သူများတွေဆီသွားပြီး အကူအညီတောင်းတာထက် အမေ့ဆီသွားတာက ပိုကောင်းသည်။ အဆင်ပြေမည်။ တစ်ခုတော့ စိတ်ထင့်မိသည်။

အိမ်ထောင်ပြုမည်ဆိုတုန်းက အမေပြောတာကို နားမထောင်ခဲ့တာ အမေ လက်ခံပါ့မလား စိတ်ပူမိသည်။

အမေပြောဆိုဆုံးမသည့်စကားများ ကြားယောင်မိသည်။

'သမီးရယ် . . ငယ်ပါသေးတယ်။ နောက်နှစ်နှစ်၊ သုံးနှစ်လောက်နေလိုက်ပါဦးလား။ ငယ်သေးတော့ မီးဖွားတဲ့အခါ ဒုက္ခများမှာစိုးရတယ် သမီးရဲ့'

'ပြီးတော့ . . သမီးတို့ တစ်အိုးတစ်အိမ်ထောင်ထူပြီဆိုရင် နေရေးထိုင်ရေး ထည့်တွက်ရမယ်။ စီးပွားရေးအဆင်ပြေလို့ရှိရင် တော်သေးရဲ့။ နို့မဟုတ်ရင် ကုန်ကျစရိတ်တွေနဲ့ စိတ်မောလူပန်းဖြစ်မှာ။ သမီးစဉ်းစားပါဦးကွယ်။'

'အမေနဲ့သမီး အိုးမကွာ၊အိမ်မကွာ အတူနေချင်တာလည်းပါတာပေါ့ကွယ်။'

'အို . . အမေရယ် အိမ်ထောင်ပြုမယ့်အတူတူ စောတယ်၊ နောက်ကျတယ် လုပ်မနေတော့ပါဘူး။ သမီးလမ်း သမီးလျှောက်မယ်။' 'အမေ့စေတနာ၊ မေတ္တာတရားတွေကို အလေးမထား၊ ယတိပြတ်စကားဆိုကာ အေးသိန်း အိမ်ထောင်ပြုခဲ့သည်။

ကိုယ့်လမ်းကိုယ်လျှောက်မည့် အေးသိန်း အခုတော့ အမေ့ဆီပြန်လျှောက်ရပြီ။ ခလုတ်ထိမှ အမိတဆိုတာ ဒါမျိုး ပြောဟန်တူသည်။ မလုံမလဲဖြစ်မိသည်။ ကိုယ့်အမေဆီသွားတာပဲ အားငယ်စရာမှတ်လို့၊ အမေလည်း ခွင့်လွှတ်မှာပါလေ ဟု အားတင်းကာ စိတ်ဖြေသည်။

အမေ့ဆီ ရောက်ခဲ့ပြီ . . ။

'ဟယ် . . သမီး။ လာ . . လာ ဒီမှာထိုင်' 'နေကောင်းရဲ့လား သမီး' ဆိုကာ ပွေ့ဖက်နမ်းသည်။

အမေ့ နွေးထွေးစွာကြိုဆိုမှုကြောင့် အေးသိန်းကြည်နူးမဆုံးဖြစ်သွားရသည်။ အမေ့ကို ပြန်ပွေ့ဖက်ရင်း ငိုမိသည်။ ထိန်းထားသည့်ကြားမှ မျက်ရည်များ စိမ့်ထွက်လာသည်။

မျက်ရည်စတွေ သုတ်ရင်း 'အမေ နေကောင်းတယ်နော် . . ။ သမီးကို ခွင့်လွှတ်ပါနော် . . ' အမေ့ကို တောင်းပန်စကားဆိုသည်။

'ခွင့်လွှတ်ပါတယ် . . သမီးရယ်။ မိဘဆိုတာ သားသမီးကောင်းစားတာ၊ ချမ်းသာတာ၊ ပျော်နေတာ မြင်ချင်တယ်။ မဖြစ်သင့်တာ မဖြစ်ရအောင်၊ ဖြစ်သင့်တာ ဖြစ်အောင်၊ လုပ်သင့်တာ လုပ်ရအောင် သွန်သင်ဆုံးမကြတာပါ' 'ပြောဆိုဆုံးမတယ်ဆိုတာကလည်း သား၊သမီးတွေ ကောင်းစားရေးပါ။ အမေစိတ်မဆိုးပါဘူး သမီးရယ်'

'အော် . . အမေ၊ အမေ စားရအောင် သစ်သီးတွေ'

ယူလာသည့် စပျစ်သီး၊ လိမ္မော်သီး၊ ပန်းသီးအိတ်များကို အမေ့ရှေ့ချကာ အေးသိန်းထိုင်ကန်တော့သည်။

'သာဓု . . . သာဓု . . . သာဓုပါ' 'သမီး မီးဖွားတုန်းက အမေမျက်စိခွဲရမယ့်ရက်နဲ့ တိုက်နေလို့ မလာဖြစ်ဘူး သမီးရယ်၊ စိတ်ဆိုးမနေနဲ့ဦး'

'အော် . . အမေရယ်၊ အဲဒါ သမီး သိပါတယ်။ ဒေါ်လေးနဲ့ မမပြောလို့ သိပြီးသားပါ။ စိတ်ဆိုးစိတ်ကောက်စရာလား အမေရယ်'

'အော် . . ဒါနဲ့ သမီးရော၊မြေးလေးရော နေကောင်းကြတယ်မို့လား။ ကျန်းမာရေး ဂရုစိုက်နော်၊ ငွေရေးကြေးရေး၊ စီးပွားရေးရော အဆင်ပြေရဲ့လား'

အမေ့အမေးကြောင့် အေးသိန်းသက်ပြင်းရှိုက်ကာ . . .

'ငွေရေးကြေးရေး အဆင်မပြေဘူး။ အမေရယ်။ ဒါကြောင့်လည်း သမီးမနားနိုင်ဘဲ အမေ့ဆီပြေးလာတာ၊ သမီးကို ကူညီပါဦးနော်'

သမီးဖြစ်သူစကားကြောင့် ဒေါ်သိန်းဆွေ အပြောခက်သွားသည်။သမီးဖြစ်သူကလည်း သူ့အပူနဲ့အပူ၊ကိုယ့်မှာလည်း ကိုယ့်အပူနဲ့အပူဆိုသလိုဖြစ်နေသည်။သမီး ကကလေးမွေးပြီး မကြာသေးလို့ အခက်အခဲဖြစ်ကာ ငွေလိုသည်။ အမေဖြစ်သူက မျက်စိခွဲထားသည်မို့ ဆေးဝါးစရိတ်၊ ဓာတ်စာအတွက် ငွေရေးကြေးရေးဆောင်ထားရသည်။

ဒေါ်သိန်းဆွေ စဉ်းစားနေရာမှ 'အော် . . အင်း . . အင်း . .သမီးခဏနော်' ဟုဆိုကာ အိပ်ခန်းအတွင်းဝင်သွားသည်။

'ကဲ. . . ရော့ သမီး၊ ဒါ အမေ့ရဲ့ လက်ထပ်ပွားပစ္စည်းလေးပဲ။ မရောင်းရဘူးနော်၊ ခဏပေါင်တာ၊ ငွေလှည့်တာလောက်ပဲ လုပ်ပေါ့။ အဲဒါကိုတော့ ကတိပေးရမယ်နော် . . '

လင်ယောကျာ်းက အမြော်အမြင်နှင့် အိုစာမင်းစာဆိုပြီး လုပ်ပေးခဲ့သည့် လက်ဝတ်ရတနာတွေထဲကမှ ကျန်ခဲ့တာလေး။ သမီးအဖြစ်လည်း မရှုစိမ့်နိုင်။ ဇရာပိုင်းရောက်ကာမှ လုပ်ကိုင်လည်း မကျွေးနိုင်။ နောင်ခါလာ နောင်ခါချေး သဘောပိုက်ကာ သမီးဖြစ်သူကို လက်စွပ်နှစ်ကွင်း ပေးလိုက်သည်။ စိတ်မကောင်းဖြစ်ရသလို နှမြောတသလည်းဖြစ်ရသည်။

'ဟုတ်ပါ . . . အမေ . .ကျေးဇူးတင်ပါတယ်၊ သမီးပြန်ဦးမယ် . . . အမေ။ လာတယ်လို့တော့မထင်ပါနဲ့ ကလေးကို ဘေးအိမ်အပ်ထားခဲ့ရတာ ကြာနေလို့မဖြစ်လို့ပါ . . . နောက်မှ အေးအေးဆေးဆေးလာခဲ့မယ်နော် . . အမေ'

'အော် . . အေးအေး . . .သမီး ဖြည်းဖြည်းလည်းသွားဦးနော်။' သမီးနှင့် အားရအောင်ပင် စကားမပြောရ။ပြောပြောဆိုဆို ထပြန်သွားသည်။ သမီးရုပ်သွင်၊ သမီးဖြစ်အင်ကို တွေ့မြင်သိရတော့ ဒေါ်သိန်းဆွေ စိတ်မကောင်းဖြစ်မိသည်။ နှုတ်ဆက်စကား 'အေး' ဟုဆိုလိုက်ပေမယ့် ရင်မှာမအေးပါ။

သမီးထွက်သွားသည်ကို အငေးသားကြည့်ရင်း သမီးအကြောင်း ပြန်တွေးနေမိသည်။ သမီးနှစ်ယောက်ရှိသည့်အနက် အေးသိန်းက အငယ်မို့ အသနားပိုခဲ့သည်။ သမီးကြီးကလည်း အိမ်ထောင်ပြီး အိမ်ထောင်နောက် လိုက်သွားသည်။အေးသိန်းနှင့်စာလျှင် အဆင်ပြေသည်။ နယ်ဝေးမှာမို့ တစ်နှစ်တစ်ခေါက်၊ နှစ်ခေါက်သာလာကြသည်။ မကြာမကြာ ငွေလည်းပို့ပေးသည်။ သို့ပေမဲ့ လောက်ငှသည်တော့ မဟုတ်။

ဒေါ်သိန်းဆွေ အိမ်တွင် ကုန်စုံဆိုင်လေးဖွင့်ထားသည်။ ညီမအပျိုကြီးအကူအညီနှင့် ဖွင့်နိုင်ခြင်းဖြစ်သည်။ အကူကောင်မလေးတစ်ယောက်လည်း ခေါ်ထားရသည်။ စားဝတ်နေရေးအတွက် အတန်မျှတော့ အဆင်ပြေသည်။

အေးသိန်းမမွေးခင် ငါးလအလိုမှာ ခင်ပွန်းဆုံးသည်။ ခင်ပွန်းဆုံးတော့ စိတ်ရော၊ ကိုယ်ပါ ညှိုးခဲ့သည်။ သို့သော် မီးဖွားရဦးမည်ဆိုသည့်အသိစိတ်ဖြင့် စိတ်အားတင်းခဲ့သည်။ ခွန်အားမွေးခဲ့သည်။ စိတ်အားမွေးခဲ့သော်လည်း မီးဖွားချိန်တွင် နှလုံးအားနည်း၊ အားအင်နည်းတာကြောင့် အေးသိန်းကို ခွဲမွေးခဲ့ရသည်။

ခွဲမွေးရစဉ်က ဒေါ်သိန်းဆွေ ကြောက်မိသည်။ ခွဲစိတ်ပြီးရင် နာမည်။ ခွဲကြောင်းရာထင်မည်။ နာရင် နာပါစေ။ ထင်ချင်ထင်ပါစေ။ သမီးလေးမွေးလာ ဖို့အရေးကြီးသည်မဟုတ်လား။ စိတ်ပျက်စရာ မတွေး၊ ခွဲစိတ်ဓားကြီးကြီး၊ သေးသေး လာခဲ့စမ်းရယ်လို့ စိတ်ထားနှင့် မွေးခဲ့သည်။

အေးသိန်းမွေးခဲ့စဉ်က အတိတ်အကြောင်း ပြန်တွေးရင်း ဗိုက်သားပေါ်က ချုပ်ရိုးရာလေး စမ်းမိသည်။

'အော် . . သမီးလည်း ငါ့လို ဗိုက်ခွဲမွေးရတာ နာရှာမှာပဲ။ အခုလည်း ချုပ်ရိုးမှမငှဲ့နိုင်။ ငွေကြေးအခက်တွေ့လို့ အမေ့ဆီပြေးလာသည့်အဖြစ် ဖြစ်ရလေ' ပြောသာပြောလိုက်ရသည်။ ပေးလိုက်သည့် လက်စွပ်နှစ်ကွင်း ရောင်းရင်လည်း အဆုံးထားပြီးသား။ ပြန်ရရင်လည်း ပြန်ရ၊ ပြန်မရလည်း ရှိစေတော့ဆိုပြီး ပေးလိုက်ခြင်းဖြစ်သည်။ ကိုယ့်အရေးထက် သမီးအရေးကို ဦးစားပေးရမည် ဟု ဒေါ်သိန်းဆွေအောက်မေ့သည်။

ဒေါ်သိန်းဆွေတစ်ယောက် လက်စွပ်လေးတွေပေးပြီးနောက် သမီးအလာကို မျှော်နေမိသည်။ မျက်စိခွဲစိတ်ပြီးနောက် ထပ်ဆင့်လိုက်နေရသည့် ဆေးစရိတ်များ ရှိနေသည် မဟုတ်လား။ မျက်စိခွဲရခြင်းမှာ ဆီးချိုရောဂါအခံကြောင့်ဟုသိရသည်။ ဆီးချိုအတွက် ဆေးတွေသောက်ရသည်။ ဆီးချိုဆိုတာကလည်း ရာသက်ပန်ဆေးဝါးမှီဝဲရမည်ဟုသိရသည်။ ဒီအတွက် ဆေးဝါးစရိတ်၊ စားစရိတ်တို့က အမျှင်မပြတ်ရှိနေသည်။ ကုန်စုံဆိုင်ဝင်ငွေက ရရစားမို့ ငွေပိုငွေလျှံရှိသည်မဟုတ်။ သမီးကြီးပို့ပေးသော ငွေနှင့်စားစရာများကြောင့် တော်သေးသည်။ သို့သော် အိမ်စရိတ်၊ လူမှုရေးကိစ္စ၊ ကုသိုလ်အရေး အလှူဒါနပြုရပေသေးသည်။ သံသရာအရေးကုသိုလ်လည်း ပါဦးမှမဟုတ်လား။

ရာသီအခါသမယ နွေ၊ မိုး၊ဆောင်း ကာလတို့ သူ့အလှည့်ကျဖြင့် လည်ပတ်နေကြသည်။ သစ်ပင်၊ ပန်းပင်တို့လည်း ရာသီနှင့်အညီ ဖူးငုံပွင့်လို့ နုရာမှရင့်၊ ရင့်ရာမှ အို၊ အိုရာမှ ပျိုကြရသည်။ အနိစ္စပေတကား။ ထင်ရှားခန္ဓာတည်ပါကြတုံ။ စုံ၊ မစုံကို လုံခြုံမမြဲ ရွေ့လျောလွှဲ၍၊ ခပဲထိုမျှ အနိစ္စသည့်။ (ခပဲ=ခပင်း=ခပ်သိမ်း၊ အားလုံး)

ဒေါ်သိန်းဆွေဆုံးရှာပြီ . . ။

'သမီးနဲ့စကားပြောပါဦး. . အမေ။ လောကစံကို ကြံ့ကြံ့ခံ အသားအနာခံမွေးခဲ့တဲ့ ဘဝအရေး မျှော်တွေးလို့ အိမ်ထောင်ရေး တွက်ဆပြခဲ့တဲ့အမေ။ ကိုယ့်အရေးပင် ဂရုမထား။ သမီးကျန်းမာချမ်းသာရေး အလေးပေးခဲ့တဲ့အမေ။ လက်ထပ်ပွားပစ္စည်းလေး နှမြောလှပေမဲ့ သမီးအရေးဦးစားပေးခဲ့တဲ့အမေ။ အခုပြန်လာပေးတာအမေ ထယူပါဦး အမေ။ အသပြာနဲ့လည်း ကျေးဇူးမဆပ်နိုင်ခဲ့ဘူး အမေ။ ပြုစုစောင့်ရှောက်တာလည်း မပြုခဲ့ဘူး အမေ။တရားဘာဝနာအရေးလည်း ထောက်ပံ့မပေးနိုင်ခဲ့ဘူးအမေ။ ယဉ်ယဉ်လေးနဲ့ မိုက်ခဲ့တဲ့ သမီးမိုက်ပါ အမေ။ ဘဝသံသရာအဆက်ဆက်မှာ ကျေးဇူးဆပ်ခွင့်ကြုံပါရစေအမေ . . ။

အမေ့ရုပ်ကလာပ် ဝမ်းဗိုက်ပေါ်က ချုပ်ရိုးရာလေးကို ပွတ်သပ်လိုက်၊ သူ့ဗိုက်ပေါ်က ချုပ်ရိုးကြောင်းလေးကို စမ်းလိုက်၊ လက်ထဲဆုပ်ထားသည့် လက်စွပ်လေး နှစ်ကွင်းကို ကြည့်လိုက်နှင့် အေးသိန်းတစ်ယောက် တစ်ရှိုက်ရှိုက် ငိုရင်း . . . .

မိခင်ကျေးဇူးဆပ်နိုင်သူများဖြစ်ကြပါစေ . . .

# စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**ဇမ္ဗူသီရိ ဇန်နဝါရီ ၁၂**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၁ ရက် နံနက်ပိုင်းက အမှတ်(၂၂)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်စမ်းစမ်းမော်က အဖွင့်အမှာစကားပြောကြားပြီး ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နီလာစိုးက လူငယ်နှင့်စာဖတ်ခြင်းခေါင်းစဉ်ဖြင့်လည်းကောင်း၊ တရားလွှတ်တော်ရှေ့နေ ဒေါ်ဝင့်ဝင့်အေးက လူငယ်နှင့်ဥပဒေ ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောဆွေးနွေးရာ တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက မိမိတို့၏အမြင်များနှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဟောပြောပွဲအပြီးတွင် ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများက လူငယ်ရေးရာနှင့်ပတ်သက်သည့် စာအုပ်များ၊ လူငယ်ရေးရာ အသိပညာပေးနံရံကပ်စာစောင်များနှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးနံရံကပ်စာစောင်များကို ခင်းကျင်းပြသခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**





# ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကျင်းပ

**မန္တလေး ဇန်နဝါရီ ၁၂**

မန္တလေး၊ အမရပူရမြို့နယ်၊ နဂါးဝင်းအခြေခံပညာမူလတန်းလွန်ကျောင်း၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့်ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၁ ရက် နံနက် ၉နာရီက အဆိုပါကျောင်းတွင်ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းသား၊ ကျောင်းသူလေးများက "ကြိုဆိုပါသည် စုံညီပွဲတော်" သီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းသိန်းတင်က အမှာစကားပြောကြားသည်။ ထို့နောက် အတန်းအသီးသီးမှ ပညာရည်ထူးချွန်ဆုရရှိသူများ၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ထူးချွန်၊ စာစီစာကုံး၊ ပန်းချီပြိုင်ပွဲတို့တွင် ဆုရရှိကြသူများ၊ ကျောင်းတွင်းအားကစားပြိုင်ပွဲများတွင် ဆုရရှိကြသူ၊ စုစုပေါင်း ၁၆၇ ဦးတို့အား ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးကြသည်။

အခမ်းအနားသို့ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ မိဘဆရာအသင်းအလုပ်အမှုဆောင်များ၊ အကျိုးတော်ဆောင်များ၊ မိဘများနှင့်ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**(အပေါ်ပုံ) (ဝ၉၃)**



# Mobile Library စနစ်ဖြင့် စာအုပ်၊ စာစောင်များငှားရမ်း

**ရပ်စောက် ဇန်နဝါရီ ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ရပ်စောက်မြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက Mobile Library စနစ်ဖြင့် စာအုပ်၊ စာစောင်များ အခမဲ့ငှားရမ်းခြင်းကို ဇန်နဝါရီ ၁၁ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်အတွင်းရှိ ရုံးများသို့ ကွင်းဆင်း၍ အခမဲ့ငှားရမ်းပေးသည်။

မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ငြိမ်းမွန်မွန်က စာကြည့်တိုက်သို့လာရောက်ရန် အခက်အခဲရှိသည့် စာဖတ်ပရိသတ်များကို ရည်ရွယ်၍ စာအုပ်၊ စာစောင်များ အခမဲ့ငှားရမ်းပေးခြင်းဖြစ်ကြောင်း၊ အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း မြို့နယ်အတွင်းရှိ ရုံးများသို့ ကွင်းဆင်း၍ အခမဲ့ငှားရမ်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



# လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ပြုလုပ်

**သာစည် ဇန်နဝါရီ ၁၂**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ကျောင်းသားလူငယ်များဗလငါးတန်ဖွံ့ဖြိုးစေရန် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၀ ရက်က အထက(ခွဲ)ကြာဘက်ကုန်းတွင် ပြုလုပ်သည်။

အသိပညာပေးဟောပြောပွဲတွင် ကျောင်းအုပ်ကြီး ဦးကျော်လွင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ထွေးထွေးစိန်က လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးစေရန် အသိပညာပေး ပြောကြားသည်။ ဆက်လက်ပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရပ်သံကျွမ်းကျင်-၃ ဦးဇော်မင်းထွေးက သုတရသစာပေများနှင့်စာဖတ်ခြင်းအကျိုးကျေးဇူးများကို ပြောကြားပြီး စာဖတ်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် အသိပညာပေးပြသထားသော နံရံကပ်စာစောင်များနှင့် ဓာတ်ပုံများ၊ သုတရသစာအုပ်၊ စာစောင်များကို ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**(ယာပုံ) (၄၈၇)**

ဖတ်စရာ၊ မှတ်စရာ
စုံလင်

## လွမ်းသူမမေ့ အမေများနေ့

* ကလလရေကြည်၊ သန္ဓေတည်၍
လက်ရည်(ရေ)ချိုးကာ၊ ဆယ်လကြာဝယ်
ခန္ဓာပူးကပ်၊ ရင်ခွင်အပ်လျက်
သားမြတ်ရယ်မှ၊ မေတ္တာဓာတ်ကြောင့်
စီးကျလေပြီ၊ သီတာမည်သို့
နို့ရည်တစ်စက်၊ သားလုတွက်။

* နေ့ညများထွေ၊ သားအိပ်စေဟု
တေးခြွေသီရင်း၊ ထမင်းဆီဆမ်း
ရွှေလင်ပန်းဖြင့်၊ ပေးစမ်းပါကွယ်
ရွှေယုန်ရယ်ဟု၊ ရင်ဝယ်ပိုက်ထွေး
သားချော့တေးဖြင့်၊ သီကြွေးခါခါ
မေးကာအိပ်စက်၊ သားကိုဖက်။

* အမေကမွေး၊ အဖေကျွေး၍
ငိုကြွေးရယ်ကာ၊ ကြီးပြင်းလာခဲ့
နောင်ခါဘဝ၊ ဂုဏ်တင့်စွမိ
အတတ်သင်စေ၊ ပေးဝေနီးရင်း
ထိမ်းမြားခြင်းဖြင့်၊ ဆောင်နှင်းစေသူ
ကြည်ဖြူပေးဆက်၊ မိဘစက်။

* အမေ့မေတ္တာ၊ တုနှိုင်းရာမဲ့
ကမ္ဘာတည်မျှ၊ မေ့မရတည့်
တမ်းတခါခါ၊ မဖြေသာလျက်
ချိန်ခါကြာညောင်း၊ နှစ်တွေဟောင်းလည်း
ပြန်ပြောင်းတွေးကာ၊ မိမာတာသို့
ပြာသိုလပြည့်၊ အမေနေ့ဝယ်
မမေ့ဘယ်ခါ၊ လက်ဆယ်ဖြာဖြင့်
ရှယ်ကာရှိခိုး၊ ဦးညွှတ်ကျိုးလျက်။ ။

**ဇော်မြင်းမိုရ်(မီးရထား)**



## သတင်းပဒေသာ

### ပညာရေးစုံညီပွဲတော်ပွဲတော် ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ကသာမြို့တွင် အခြေခံပညာကျောင်းများ၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ ပညာရေးစုံညီပွဲတော်များကို ကျင်းပဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက် ၉ နာရီက အမှတ်(၁)အခြေခံပညာမူလတန်းလွန်ကျောင်းတွင်လည်းကောင်း၊ နံနက် ၁၀ နာရီတွင် အ·ထ·က(ခွဲ) လ(၁)ကျောင်းတို့တွင်လည်းကောင်း ကျင်းပရာ ခရိုင်တာဝန်ခံပညာရေးမှူး ဦးမြင့်စိုးနှင့် မြို့နယ်ပညာရေးမှူး ဒေါ်နန္ဒာလင်းတို့က အမှာစကားပြောကြားသည်။

ခရိုင်တာဝန်ခံပညာရေးမှူး ဦးမြင့်စိုးနှင့် တာဝန်ရှိသူများ၊ ကျောင်းသားမိဘများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် မြို့နယ်လူရည်ချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများ၊ အတန်းလိုက်ဆုရ ကျောင်းသား၊ ကျောင်းသူများနှင့် မြို့နယ်အဆင့်တို့တွင် ကဏ္ဍအသီးသီးမှ ထူးချွန်ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုများ အသီးသီးချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ပညာရေးစုံညီပွဲတော်အခမ်းအနား ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းခုတ်မြို့၊ အခြေခံပညာမူလတန်းကျောင်း(ဝမ်ကတ်)၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက ကျင်းပရာနယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး သိန်းဇော်မိုး၊ အမှတ်(၁)ရပ်ကွက်(ဝမ်ကတ်)အုပ်ချုပ်ရေးမှူး ဦးစိုင်းရွှက်တို့က အဖွင့်အမှာစကားအသီးသီး ပြောကြားခဲ့သည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် (A)အဆင့်ဖြင့်အောင်မြင်သော စတုတ္ထတန်းမှ K.G တန်းအထိ ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများနှင့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အားကစားပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး သိန်းဇော်မိုး၊ အမှတ်(၁)ရပ်ကွက်(ဝမ်ကတ်)အုပ်ချုပ်ရေးမှူး ဦးစိုင်းရွှက်နှင့် တာဝန်ရှိသူတို့က ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းများအား ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

### စာကြည့်တိုက်ဆောက်လုပ်ရန် မြေသန့်ပရိတ်ရွတ်ခြင်းနှင့် ပန္နက်တင်မင်္ဂလာ ကျင်းပ

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ်၊ ဟဲဟိုးမြို့၊ အမှတ်(၂)ရပ်ကွက်၊ ပြည်ထောင်စုလမ်းမကြီးဘေးတွင် ဇန်နဝါရီ ၉ ရက် နံနက် ၉ နာရီခွဲက စာကြည့်တိုက်ဆောက်လုပ်ရန် မြေသန့်ပရိတ်ရွတ်ခြင်းနှင့် ပန္နက်တင်ခြင်းအခမ်းအနား ပြုလုပ်ခဲ့သည်။

ဟဲဟိုးမြို့ စာကြည့်တိုက်တည်ဆောက်နိုင်ရေးအတွက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ငွေကျပ်သိန်း ၁၅၀ ဖြင့် စာကြည့်တိုက်အသစ်ဆောက်လုပ်မည့် စာကြည့်တိုက် မြေနေရာ(ပေ၄၀ × ပေ ၁၂၀)တို့အား မြို့အုပ်ချုပ်ရေးမှူး ဦးဇော်မိုးနှင့် မြို့အဆင့်ဌာနဆိုင်ရာများက သံဃာတော် ၅ ပါးဖြင့် မြေသန့်ပရိတ်ရွတ်တရားတော်နာယူ၍ စာကြည့်တိုက်ဆောက်လုပ်မည့်မြေနေရာအား ပန္နက်ရိုက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးဟောပြော

နေပြည်တော်၊ ဥတ္တရခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက ပုဗ္ဗသီရိမြို့နယ်၊ ရင်သွေးပျိုးခင်း ကိုယ်ပိုင်အလယ်တန်းကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲတွင် ဥတ္တရခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်နိုင်ဦးက စုပေါင်းကာကွယ် မီးခိုးမြူငွေ့ညစ်ညမ်းမှုအန္တရာယ် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒုတိယဦးစီးမှူး ဒေါ်အေးပပဖြိုးက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အမျိုးသမီးများ၏အခန်းကဏ္ဍ ခေါင်းစဉ်ဖြင့် လည်းကောင်း ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ၈၀ ဦးအား အသိပညာပေးဟောပြောဆွေးနွေးခဲ့ပြီး ပတ်ဝန်းကျင်ဆိုင်ရာသိကောင်းစရာအသိပညာပေး Video Clip ပြသခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




## ဆေးပဒေသာပင် လှူဒါန်း

**မန္တလေး ဇန်နဝါရီ ၁၂**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး-ကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ မန္တလေး၊ ၂၆ဘီ လမ်း၊ ပွဲကုန်းရပ်နေ ကွယ်လွန်သူ ဦးဗိုလ်လှ+ဒေါ်အမာတို့အား ရည်စူး၍ ကျန်ရစ်သူ သားသမီး၊ မြေးမိသားစုက ဆေးပဒေသာပင်ငွေကျပ် ၁၀ သိန်းကို ယမန်နေ့က လှူဒါန်းရာ ဘဏ္ဍာရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးစိုးလွင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်သည်။ အသေးစိတ်သိရှိလိုပါက ဖုန်း ၀၉-၄၀၂၆၂၆၂၄ သို့ တိုက်ရိုက်ဆက်သွယ်၍ လှူဒါန်းနိုင်ကြောင်း သိရသည်။

**(ဝဲပုံ)(ကဆ)**

## အပတ်စဉ် ဘုံဆွမ်းလောင်းလှူ ကုသိုလ်ပြု

**မန္တလေး ဇန်နဝါရီ ၁၂**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မဟာမြိုင်စည်ပင်ဝန်ထမ်းအိမ်ရာ ၃၆လမ်း၊ ၆၈လမ်းနှင့် လမ်း၇၀ကြားတွင် နေထိုင်သည့်ဝန်ထမ်းမိသားစုများ စုပေါင်း၍ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း လေးပြင်လေးရပ်မှ ကြွရောက်အလှူခံတော်မူကြသော ဆရာတော်၊ သံဃာတော်များအား ဘုံဆွမ်းလောင်းလှူကုသိုလ်ပြုကြသည်။

ဘုံဆွမ်းလောင်းလှူရာတွင် ဝန်ထမ်းမိသားစုဝင်များက လေးပြင်လေးရပ်မှကြွရောက်တော်မူကြသော ဆရာတော်၊ သံဃာတော်များအား ယနေ့ နံနက်ပိုင်းက (၁၁၃)ကြိမ်မြောက်အဖြစ် ဆွမ်း၊ ငါးဖယ်ကြော်ချက်၊ ဘဲဥအချဉ်ချက်၊ ကုလားပဲနှပ်တို့ကို ၃၆လမ်းနှင့် ၆၉လမ်းထောင့်တွင်ပြင်ဆင်၍ ကြွရောက်လာကြသော ဆရာတော်၊ သံဃာတော် အပါး ၂၅၀ ကျော်တို့အား နံနက် ၅ နာရီခွဲမှစတင် လောင်းလှူကြည်ညိုခဲ့ကြပြီး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆက်လက်လောင်းလှူကြမည်ဖြစ်၍ လေးပြင်လေးရပ်မှ ဆရာတော်၊ သံဃာတော်များအား ကြွရောက်အလှူခံနိုင်ပါရန် ပင့်ဖိတ်ထားကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၃)**



## မီးဘေးသင့်အိမ်ထောင်စုများအတွက် လိုအပ်သောပစ္စည်းများ ပေးအပ်



**မန္တလေး ဇန်နဝါရီ ၁၂**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်ကွက်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် မြန်မာနိုင်ငံကြက်ခြေအသင်းမှ မီးဘေးသင့်အိမ်ထောင်စုများအတွက် လိုအပ်သောပစ္စည်းများ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ဇန်နဝါရီ ၁၀ ရက် နံနက် ၁၀ နာရီခွဲက ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်ကြက်ခြေနီ သူနာပြုတပ်ဖွဲ့မှ မြို့နယ်တပ်ဖွဲ့မှူး ဦးဌေးအောင်၊ ဒုမြို့နယ်တပ်ဖွဲ့မှူး ဒေါ်ခင်စန်းသွင်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက အိမ်ထောင်စု သုံးစုအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ လှူဒါန်းသောမိသားစုသုံးပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ပေးအပ်ခဲ့ရာ မီးဘေးသင့်အိမ်ထောင်စုများက လက်ခံရယူခဲ့ကြောင်း သိရှိရသည်။

**(ဝဲပုံ)**

**ချမ်းမြေ့**

## ဆေးပဒေသာပင် လှူဒါန်း

**မန္တလေး ဇန်နဝါရီ ၁၂**

ကျေးဇူးတော်ရှင်မင်းကွန်းတိပိဋကရေဆရာတော်ကြီး တည်ထောင်တော်မူခဲ့သည့် မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ ၆၂လမ်း ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီးသို့ အလှူရှင်က ရင်ပြည်နယ်၊ ဘားအံမြို့၊ ဈေးတန်းလမ်း၊ မြို့မဈေးကြီးရှေ့၊ အမှတ်(၂)ရပ်ကွက်နေ ဦးရော်စွမ်+ဒေါ်ကျင်အေးမိသားစုက ဆေးပဒေသာပင်အလှူငွေကျပ် ၈ သိန်း၊ အထွေထွေဝေယျာဝစ္စအတွက် အလှူငွေကျပ် ၈ သိန်း၊ စုစုပေါင်း အလှူငွေကျပ် ၁၆ သိန်းကို ၆၂လမ်းနှင့် ၁၅လမ်းထိပ်ရှိ ဆေးရုံအလှူခံဌာနတွင် ယမန်နေ့က အလှူရှင်မိသားစု၏ကိုယ်စား ဆေးရုံအုပ်ချုပ်ရေးရုံး ရုံးအဖွဲ့မှူး ဦးစိုးမြင့်က ပေးအပ်လှူဒါန်းရာ ဆေးရုံဥပထမ္ဘကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီး(မန္တလေး)သို့ ဆေးပဒေသာပင်၊ ဆွမ်းပဒေသာပင်နှင့် အခြားဘက်စုံအလှူတော်ငွေများ လှူဒါန်းလိုပါက ၆၂လမ်းနှင့် ၁၅လမ်းထိပ်ရှိ ဆေးရုံအလှူခံဌာန ၀၉-၈၉၂၉၅၃၀၈၂ သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အပေါ်ယာပုံ)**

**(မန္တလေးနေ့စဉ်-၁)**



ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ်၊ စာပေ လေ့လာစို့။

# သတိပြုဖွယ် သတင်းနယ်ပယ်(၁၁)

နိုင်ဗလ

> **A journalist not Born, but made**
> **သတင်းစာဆရာ တစ်ယောက်ဆိုသည်မှာ အလိုအလျောက် (မွေးဖွား) ဖြစ်ပေါ်လာသူမဟုတ်၊ များစွာလုပ်ယူရသူ၊ လေ့ကျင့်ယူရသူဖြစ်သည်' ဟု သတင်းစာလောကတွင် ဆိုရိုးစကားရှိခဲ့သည် ...**

'A journalist not Born, but made သတင်းစာဆရာ တစ်ယောက်ဆိုသည်မှာ အလိုအလျောက် (မွေးဖွား) ဖြစ်ပေါ်လာသူမဟုတ်၊ များစွာလုပ်ယူရသူ၊ လေ့ကျင့်ယူရသူဖြစ်သည်' ဟု သတင်းစာလောကတွင် ဆိုရိုးစကားရှိခဲ့သည်။ ထိုဆိုရိုးစကားကို ငယ်စဉ်ကတည်းက ကြားဖူးခဲ့သည်။ သတင်းစာပညာနှင့် ပတ်သက်သော ဆရာစဉ်ဆက်တို့ကလည်း ထိုသဘောနှင့်ညီသော စကားများကို ပြောဆိုသင်ကြားပေးခဲ့ကြသည်။ ထိုစကား၏အနက် အဓိပ္ပာယ်ကို နားလည်ခဲ့သော်လည်း သတင်းစာဆရာလုပ်သက်များလာ ရင့်လာလေလေ ပို၍ပို၍သိလာလေ နားလည်မိလာလေ ဖြစ်သည်။ မိမိသည် သတင်းစာပညာကို အထက်တန်းကျောင်းသားကတည်းက လေ့လာသည်။ ထိုစဉ်က သတင်းစာပညာကို ထဲထဲဝင်ဝင် အသုံးချမည်။ သတင်းစာပညာဖြင့် ဘဝရပ်တည်မည်ဟု စိတ်မကူးခဲ့၊ သတင်းစာပညာကို သိချင်ရုံ၊ တတ်ချင်ရုံသက်သက်ဖြင့် သင်ယူခဲ့ခြင်း ဖြစ်သည်။ ငယ်စဉ်ကတည်းက ဖတ်ရှုခဲ့သော စာများထဲမှ အယ်ဒီတာကြီးများ၏ ရေးသားချက်များ၊ စိတ်နေစိတ်ထားများနှင့် ဘဝရေစီးကြောင်းတို့ကို လွန်စွာ စိတ်ဝင်စားခဲ့သည်။ အထူးသဖြင့် ဗိုလ်ချုပ်အောင်ဆန်းသည်လည်း သတင်းစာတွင် လုပ်ခဲ့သည်။ သူရေးခဲ့သည့်စာများလည်း စိတ်ဝင်စားခဲ့သည်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းကိုလည်း အထင်ကြီးလေးစားသည်။ သတင်းစာကိုလည်း နေ့စဉ်ဖတ်သည်။ ဖတ်လျှင်လည်း အယ်ဒီတာအာဘော်က စဖတ်သည်။ ထိုအယ်ဒီတာအာဘော်များထဲမှ ထုတ်နုတ်ထားသောအချက်အလက်များကို စာစီစာကုံးရေးရာတွင် အသုံးချခဲ့သည်။ သတင်းစာဆရာကြီးများရေးသည့်စာများကို ရှာဖွေလေ့လာသည်။ ဤသို့ဖြင့် သတင်းစာပညာဆိုသည်ကို ထဲထဲဝင်ဝင် ၁၉၈၀ ပြည့်လွန်နှစ်များက ပိုပြီး လေ့လာမိခဲ့သည်။

သတင်းစာဆရာ၊ သတင်းစာပင်တိုင်ဆောင်းပါးရှင်၊ တပ်မတော်သား၊ ကျောင်းဆရာ မြန်စာဂုဏ်ခင်မောင်ရင်ကလည်း သတင်းစာလောကနှင့် စာပေလောကကို စိတ်ပါဝင်စားစေရန် တွန်းပို့ပေးသော အဓိကဆရာတစ်ဦးဖြစ်သည်။ ကျွန်တော့်အားလပ်ချိန်များတွင် သတင်းစာပညာစာအုပ်စာတမ်းများဖြင့် အချိန်ကုန်တတ်လာသည်။ ဘောလုံးကန်၊ ရေကူး၊ ပြေးခုန်ပစ်၊ ဘော်လီဘော စသည်ဖြင့်အမြဲတစေဆော့ကစားလေ့ရှိသော အားကစားများလည်း ဆော့ကစားမှု အားနည်းသွားသည်။ နံနက် ၄နာရီအိပ်ရာမှထ၍ တံခွန်တိုင် တမာတန်းမှ မြစ်ငယ်တံတားအထိ အသွားအပြန် အပြေးကျင့်၊ ရေကူးကန်တွင် ရေကူးပြီးချိန်တွင် နံနက်၇နာရီခွဲ ခန့်ရှိပြီ။ ထိုအားကစားကိုသာ ပုံမှန်လုပ်ဖြစ်တော့သည်။ ကျန်သောအချိန်များမှာ ကျောင်းစာနှင့်ဗဟုသုတစာသာ လုပ်ဖြစ်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ်ဝန်းကျင်က သတင်းစာပညာလေ့လာရင်း သူငယ်ချင်းများ၏ ရယ်မောလှောင်ပြောင်မှုပင် ခံခဲ့ရသည်။ 'မင်းအရူးပဲကွ ငါတို့တစ်ကျောင်းလုံးမှာ မင်းတစ်ယောက်ပဲ သတင်းစာပညာလေ့လာနေတာ၊ အယ်ဒီတာရူးရူးနေတာ၊ ပုံနှိပ်စက်တောင်မြင်ဖူးလို့လား'ဟု အပြောခံခဲ့ရသည်။ သူငယ်ချင်းများနှင့် သိပ်အစေးမကပ်တော့ ကိုယ့်တစ်ဦးတည်း စာဖတ်များလာခဲ့သည်။ ထိုကာလက နန်းတော်ရာစံပြကွက်သစ်သို့ ဆရာကြီး လူထုသစ်လွင် ရောက်ရှိလာခဲ့သည်။ ညနေစောင်းသည်နှင့် ထိုရပ်ကွက်သို့သွား၍ ဆရာကြီး၏ လမ်းထိပ်တွင် ထိုင်၍စောင့်သည်။ လူထုသစ်လွင်ဆိုသူကို မြင်ဖူးချင်၍ နေ့စဉ် အချိန်ယူကြည့်သည်။ ဖြတ်သွားဖြတ်လာ တွေ့ဖူးခဲ့သည်။ ဆရာကြီး၏သမီးငယ်နှစ်ယောက် ကျောင်းသို့ ရောက်ရှိလာပြီး ညီငယ်တို့အတန်းရောက်လာသည်။ သူတို့နှစ်ဦးက မျက်နှာပွင့်သည်။ ခင်ချင်သူပေါ်သည်။ စိတ်ဝင်စားသူပေါ်သည်။ မိန်းကလေးများနှင့် အပေါင်းအသင်းမလုပ်တတ်သော ကျွန်တော် ကိုယ့်ထက် အတန်းငယ်သော ကျောင်းသူကို ခင်အောင်ကြိုးစားသည်။ 'မင်း စိတ်ဝင်စားနေတာလား'ဟု သူငယ်ချင်းများက မေးခဲ့သည်။ မဟုတ်ကြောင်းသူ့ဖခင်နှင့် သိချင်၍ ဖြစ်ကြောင်းပြောရာ 'အရူး'ဟု ထပ်မံအပြောခံရပြန်သည်။ ဤသို့ဖြင့် ဆရာကြီး လူထုသစ်လွင်နှင့် ဆုံခဲ့ရသည်။ သိကျွမ်းခဲ့ရသည်။ ဆရာကြီး အားလပ်ချိန်တွင် အိမ်သို့သွား၍ ဆရာကြီးပြောသမျှ နားထောင်သည်။ သတင်းစာအကြောင်း မေးခဲ့သည်။ သတင်းစာအကြောင်းကိုလည်း ကျွန်တော်တစ်ဦးတည်းသာမေး၍ ဆရာကြီးက ထူးဆန်းစွာကြည့်ပြီး 'မင်း သတင်းစာဆရာ လုပ်မယ့်ကောင်ထင်တယ်'ဟု ပြုံး၍ပြောပြီး သတင်းစာ အတွေ့အကြုံနှင့် သူကြိုးစားခဲ့ပုံများကို နားထောင်၍မကုန်နိုင်အောင် တရစပ်ပြောတော့သည်။ ကျွန်တော် စိတ်ဝင်စားသော သတင်းစာအကြောင်း၊ သူစိတ်ဝင်စားသော သတင်းစာအကြောင်းမို့ ပြောသူရော နားထောင်သူပါအားမရ။ 'မနက်စောစောနဲ့ ညနေခင်း လက်ဖက်ရည်ဆိုင် ငါထိုင်တယ်ကွ လာခဲ့လေ မင်းနားထောင်ချင်တာတွေ ပြောပြမယ်၊ လက်ဖက်ရည်လည်း ငါတိုက်မယ်ကွ'ဟု ခေါ်သည်။ ကျွန်တော်က လက်ဖက်ရည်ဆိုင်ထိုင်ပြီး အချိန်ဖြုန်းတာ ဖခင်ကမကြိုက်ကြောင်း၊ အဆူခံရမည်ဖြစ်၍ မလာရဲကြောင်း ပြော၍ တစ်ခါတစ်ရံ ညနေပိုင်းသာ အိမ်မှမသိအောင် လက်ဖက်ရည်ဆိုင်သွားခဲ့သည်။ ကျောင်းအားကစားပွဲ၊ ကျန်းမာရေးတို့အတွက် ထုံးလိုအပ်လျှင် ကျွန်တော်က ထိုတာဝန်ကို အတင်းယူ၍ ဆရာကြီး၏ 'ထီးကလေးနီနီ' အိမ်သို့ပြေးတော့သည်။ လိုအပ်သမျှ၊ ယူသမျှ ထုံးများအတွက်လည်း ဆရာကြီးက မည်သည့်အခါမျှ အခကြေးငွေ မယူခဲ့၊ ဆရာ့သမီးအကြီးမိဆွေ(မေဆွိနှင့် တူသောကြောင့် ကျွန်တော်တို့ခေါ်သောအမည်)က 'ခင်ဗျားက ကျွန်တော်တို့သူငယ်ချင်းမဟုတ်ဘူး အဖေ့သူငယ်ချင်း'ဟုပင် အပြောခံခဲ့ရသည်။

မိမိဖတ်ထားသမျှ သတင်းစာပညာများ၊ ဆောင်းပါးများ သိလိုသည်များကို ဆရာဦးခင်မောင်ရင်၊ သတင်းစာပညာစာအုပ်များနှင့် ဗဟုသုတစတင်ပေးသော ဗိုလ်ကြီးထွန်းထွန်းလှိုင်တို့ကိုသာ မေးမြန်းသင်ကြားခဲ့ရာမှ ဆရာကြီးလူထုသစ်လွင်ထံ မေးမြန်းလေ့လာခွင့်ရခဲ့သည်။ နောက်ပိုင်း ဆရာကြီးတို့မင်္ဂဇင်းထုတ်မည်ဆိုသော အချိန်တွင် ကျွန်တော့်အားခေါ်သော်လည်း အလုပ်လုပ်ရင်းကျောင်းတက်သူဖြစ်ခြင်း နယ်များသို့ ခရီးဆန့်သွားလာနေသူဖြစ်ခြင်းတို့ကြောင့် မပါဝင်နိုင်ခဲ့ပေ။ ဆရာကြီးက သတင်းလိုက်နည်းနှင့် ရေးသားခြင်းတို့အတွက် ပြောပြသင်ကြားပေးခဲ့သည်။ ကျွန်တော်၏အမေးတို့ကို သာ ဖြေခြင်းဖြစ်သော်လည်း ယခုအချိန်ထိ အသုံးကျနေဆဲဖြစ်သည်။ ဆရာဦးကံချွန်နှင့် အမရပူရစာပေ လုပ်သားဥက္ကဋ္ဌ ဦးဝင်းကြည်တို့ထံတွင်လည်း မေးမြန်းသင်ကြားခဲ့ဖူးကြောင်းသိ၍ လေးလေးနက်နက် ပြောပြသင်ကြားပေးခဲ့သည်။ ဆရာကြီးအားချိန်မေးရခြင်းဖြစ်၍ အိမ်ပြန်ရောက်မှ မှတ်စုတွင် မှတ်ခဲ့ရသည်။ သတင်းလိုက်နည်းဆိုသည်မှာ သတင်းရှာနည်း၊ သတင်းအစအနမှ ပြည့်စုံသောသတင်းရအောင်စုဆောင်းနည်းဖြစ်သည်။ ကြေညာချက်၊ ဟောပြောပွဲ၊ အစည်းအဝေး၊ သတင်းစာရှင်းလင်းပွဲသတင်းတို့ဖြင့် မတင်းတိမ်နေဘဲ လူအများမသိသေးသောဖြစ်ပျက်မှုသတင်း(လိုက်သတင်း)မျိုးကို အာရုံစိုက်ရမည်ဖြစ်သည်။ သတင်းရှာရာတွင် မိမိမျက်မြင်မဟုတ်က မျက်မြင်ပုဂ္ဂိုလ်၊ တာဝန်ရှိသူများ၏ မှတ်သားချက်ကို အဓိကထားရမည်။ တစ်ဆင့်စကား တစ်ဆင့်ကြား သတင်းတို့ကို တာဝန်ရှိသူအတည်မပြုလျှင် မသုံးသင့်ပေ။ ကြေညာချက်၊ ဟောပြောချက်များတွင် သတင်းနှစ်မျိုးပါနိုင်သည်။ ထူးခြားသတင်း ကြေညာခြင်းနှင့် ဟောပြောသူ၏ ဝေဖန်ချက်ဖြစ်သည်။ ဝေဖန်ချက်၏ တန်ဖိုးကို ချင့်ချိန်တတ်ရမည်ဖြစ်သည်။

သတင်းလိုက်ရာတွင် တွေ့ဆုံမေးမြန်းခြင်း Interview သည် အရေးကြီးသည်။ သတင်းအစရလျှင် သတင်းအပြည့်အစုံရရန် မည်သို့လိုက်မည်၊ မည်သည့်ပုဂ္ဂိုလ်ကို ချဉ်းကပ်မည်ကို ရွေးချယ်တတ်ရမည်။ သတင်းရေးသားထုတ်ပြန်ရာတွင် Speed, Accuracy and Fairness (မြန်ရန်၊ မှန်ရန်၊ မျှတရန်)လိုသည်။ မြန်ခြင်းထက် မှန်ရန် ပို၍ အရေးကြီးသည်။ 'မ'သုံးလုံးနည်း (မြန်၊ မှန်၊ မျှ)သည် သတင်းလောကတွင် အရေးကြီးဆုံးဖြစ်သည်။ စာဖြင့်မေးမြန်းခြင်း၊ ဖုန်းဖြင့်မေးမြန်းခြင်း၊ ကိုယ်တိုင်တွေ့ဆုံခြင်းတို့ သုံးနိုင်သော်လည်း ကိုယ်တိုင်တွေ့ဆုံမေးမြန်းခြင်းက အကောင်းဆုံးဖြစ်သည်။ ထိုသို့ တွေ့ဆုံမေးမြန်းနိုင်ရန် အတွေ့အကြုံရှိ သတင်းထောက်နှင့် လိုက်ပါဆောင်ရွက်ပြီး အတွေ့အကြုံယူ၍ လူမှုဆက်ဆံရေးနည်းလမ်းများ၊ ကျင့်ဝတ်များနှင့်အညီ မေးမြန်းနိုင်အောင် ကြိုးစားရမည်။ မေးမြန်းရာတွင် အမေးခံရသူက နောက်ခံသမိုင်း(Background)အဖြစ်သာ ပြောသည်။ ရေးသားရန်မဟုတ်(Off the Record)ဟု နှုတ်ပိတ်သောသတင်းမျိုး ထည့်မရေးရန် တိကျစွာလိုက်နာရမည်။ တွေ့ဆုံရာတွင် သတင်းအတည်ပြုရန်(သို့)ထင်မြင်ချက်(Opinion)ဟူ၍ အဓိကအားဖြင့် နှစ်မျိုးရှိသည်။ သတင်းပထမပိုဒ် (Lead Paragraph)ဖတ်ရုံမျှဖြင့် သတင်းအတိုချုပ် သိနိုင်ရန် ရေးသားရမည်။ ဘယ်သူ၊ ဘာဖြစ်၊ ဘယ်တုန်းက၊ ဘယ်မှာ၊ ဘာကြောင့်၊ ဘယ်လို စသည့် 'ဘ'ခြောက်လုံး အနည်းဆုံးပါအောင် ရေးရမည်။ သတင်းရေးရာတွင် ပိရမစ်ဇောက်ထိုး(အရေးကြီးသည်ကို အလျင်ရေးနည်း) နည်းသုံးရမည်ဟူ၍ ဆရာကြီးက တစ်ထိုင်တည်း အတိုချုပ် သင်ပေးခဲ့သည်။ သီးခြားမှတ်ရန်အဖြစ်လည်း သင်ပြပေးသေးသည်။ သတင်းတစ်ခု လိုက်နေ၊ စုံစမ်းနေလျှင် စိတ်လှုပ်ရှားမှု ထိန်းသိမ်းနိုင်ရန် အရေးကြီးသည်။ ပွဲကြည့်ပရိသတ်ပမာ ကျင့်သုံးရမည်ဖြစ်ပြီး သတင်းတစ်ရပ်တွင် မိမိ၏စေတနာ လုံ့လပယောဂတို့ မပါစေရ။ တုန်လှုပ်ခြင်းမဖြစ်ရဟုလည်း ပြောထားသေးသည်။ ယာဉ်တိမ်းမှောက်မှုသတင်းယူလျှင် လူနာများကိုယ်စား ခံစားနေခြင်း၊ ဝင်ရောက်ကူညီလုပ်ကိုင်ခြင်းတို့ကြောင့် မိမိ၏တာဝန်ပိုင်း လစ်ဟင်းသွားတတ်ကြောင်း သင်ပြပေးခဲ့သည်။

မိမိ၏စာတွေ့ဖြင့် လေ့လာခဲ့ရမှု၊ ဆရာစဉ်ဆက် သင်ကြားပေးမှုတို့ကြောင့် သတင်းစာပညာကို အထက်တန်းကျောင်းသားဘဝကတည်းက အခြေခံရရှိခဲ့သည်ဟု ဆိုနိုင်သည်။ စာပုံနှိပ်စက်ကို မြင်ဖူးစေရန်လည်း ဆရာကြီးလူထုသစ်လွင်က ခေါ်သွားပြီး ပြသပေးခဲ့သည်။ ထိုနေ့က ဆရာကြီးကို စက်ဘီးပေါ်တင်၍ နင်းကာ ဆရာကြီးသွားသမျှ လက်ဖက်ရည်ဆိုင်၊ ပုံနှိပ်တိုက် မိတ်ဆွေများထံ ပို့ဆောင်ပေးရင်း လေ့လာသင်ယူခဲ့ရသည်မှာ မမေ့နိုင်စရာပင်ဖြစ်ပါတော့သည်။

# ဟင်းသီးဟင်းရွက်မျိုးစုံ စိုက်ပျိုးရောင်းချသူများ နေ့စဉ်ဝင်ငွေရရှိ

**ဆင်ပေါင်ဝဲ ဇန်နဝါရီ ၁၂**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ် အတွင်းရှိ တောင်သူများသည် မြေအောက်ရေဖြင့် စိုက်ပျိုးမြေများတွင် ဟင်းသီးဟင်းရွက် စိုက်ပျိုးရောင်းချသူများ နေ့စဉ်ဝင်ငွေ ရရှိပြီး မိသားစုစားဝတ်နေရေး အဆင်ပြေလျက်ရှိသည်။

စိုက်ပျိုးရောင်းချသည့် သီးနှံအများစုမှာ မုန်လာ၊ ဆလပ်၊ မုန်ညင်း၊ ပူဒီနာ၊ နံနံ၊ ကြက်သွန်၊ ကန်စွန်းရွက်စသည့် သီးနှံများဖြစ်ပြီး စိုက်ပျိုးရောင်းချမှုများနှင့် ပတ်သက်ပြီး သွင်းအားစုနှင့် လုပ်အားစရိတ်သက်သာရေး မိသားစုလုပ်အားနှင့် ဟင်းသီး၊ ဟင်းရွက်မျိုးစုံအား တစ်နိုင်တစ်ပိုင် စိုက်ပျိုးရောင်းချလျက်ရှိကြောင်း ဟင်းသီး၊ ဟင်းရွက်မျိုးစုံ စိုက်ပျိုးရောင်းချခြင်းသည် နေ့စဉ်ဝင်ငွေရှိကာ မိသားစုစားဝတ်နေရေး အဆင်ပြေလျက်ရှိကြောင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးရောင်းချသည့် ဒေါ်သန်းသန်းစိုးက ပြောသည်။



ဆင်ပေါင်ဝဲမြို့နယ်မှ တောင်သူများအနေဖြင့် နေ့စဉ်ဝင်ငွေရရှိပြီး စားဝတ်နေရေးအဆင်ပြေစေရေး မိသားစုတစ်နိုင်တစ်ပိုင် လုပ်အားဖြင့် ဟင်းသီး၊ ဟင်းရွက် သီးနှံများကို ပိုမိုစိုက်ပျိုးလာကြောင်း သိရသည်။

(ဝဲပုံ)

**ခနဲ့ဝင်း(ဆင်ပေါင်ဝဲ)**



# ပဲစင်းငုံစိုက်ခင်းများ ခုတ်သိမ်းနေပြီဖြစ်ကာ တစ်တင်းလျှင် ငွေကျပ် ၉၅၀၀၀ ဖြင့် ရောင်းချနေရ

**ညောင်ဦး ဇန်နဝါရီ ၁၂**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ကျေးလက်တောင်သူများ ပဲစင်းငုံပေါ်ချိန် ရောင်းချရာတွင် ပဲစင်းငုံတစ်တင်းလျှင် ငွေကျပ် ၉၅၀၀၀ ဖြင့် ရောင်းချရခြင်းကြောင့် ပဲစင်းငုံစိုက်တောင်သူများ မျှော်လင့်နေသည့် ဈေးနှုန်းဖြစ်ကြောင်း ညောင်ဦးမြို့နယ်၊ တောင်ဘကျေးရွာ ပဲစင်းငုံစိုက်တောင်သူ ဦးမောင်ဆန်းက ပြောသည်။

ပဲစင်းငုံကြဲပက်စိုက်ပျိုးမှုများအား ကဆုန်လ၊ နယုန်လများတွင် နှမ်းဖြင့် တွဲဖက်စိုက်ပျိုးခြင်းဖြင့်လည်းကောင်း၊ မြေပဲခင်းများတွင် တန်းကြောင်းချ၍ စိုက်ပျိုးခြင်းဖြင့်လည်းကောင်း စိုက်ပျိုးကြပြီး ပဲစင်းငုံ သီးသန့်စိုက်ပျိုးမှုသိပ်မရှိဘဲ သီးထပ်အဖြစ်သာ စိုက်ပျိုးမှုများကြောင်း၊ နှမ်းများ နုတ်သိမ်း၊ ရိတ်သိမ်းချိန်တွင် ပဲစင်းငုံပင်များ မြေဆွပေးသကဲ့သို့ဖြစ်ကာ ပဲစင်းငုံများ အပင်သန်မာထွားကျိုင်းလာကာ အပင်ဖြစ်ထွန်းလွယ်ကြောင်း ညောင်ဦးမြို့နယ်၊ ငါ့သရောက်မြို့၊ ကုလားတဲကျေးရွာ ပဲစင်းငုံစိုက်တောင်သူ ဦးမောင်ဝင်းက ပြောသည်။

ပဲစင်းငုံစိုက်ရာတွင် မြေဆီမြေနှစ်အလွန် စုပ်ယူကြောင်း ပဲစင်းငုံ စိုက်ပျိုးပြီး နောက်နှစ်ထပ်မံကြဲပက်စိုက်ပျိုးလျှင် မဖြစ်ထွန်းကြောင်းနှင့် ပဲစင်းငုံတစ်သီးစိုက်လျှင် ရှစ်လ၊ ကိုးလ ကြာမြင့်ခြင်းကြောင့် ပဲစင်းငုံစိုက်ပြီး ဈေးမကောင်းလျှင်ဖြစ်စေ၊ ပဲစင်းငုံမဖြစ်ထွန်းလျှင် စိုက်ပျိုးတောင်သူများ အလွန်နစ်နာကြောင်း ကဆုန်၊ နယုန်တွင် ကြဲပက်စိုက်ပျိုးသည့် ပဲစင်းငုံတစ်သီးအား နတ်တော်လ၊ ပြာသိုလတွင်မှ ခုတ်ယူရကြောင်းနှင့် အပွင့်လှိုင်လှိုင်ပွင့်ချိန်၊ ဝတ်မှုန်ကူးချိန်ဖြစ်သည့် တန်ဆောင်မုန်းလတွင် မိုးသည်းထန်စွာမိပါက ပဲစင်းငုံအပင်ကောင်းသော်လည်း ပဲစင်းငုံမရဖို့ တပ်အပ်ပြောနိုင်ကြောင်း ပဲစင်းငုံစိုက်တောင်သူ ဦးသန်းထိုက်က ရှင်းပြသည်။

ပဲစင်းငုံစိုက်တောင်သူများသည် ပဲစင်းငုံခုတ်သိမ်းပြီးချိန် ပခုက္ကူဈေးကွက်သို့ သွားရောက်ရောင်းချခြင်း၊ မြင်းခြံ၊ ကျောက်ပန်းတောင်းဈေးကွက်သို့လည်း သွားရောက်ရောင်းချကြရာ ပဲစင်းငုံတစ်ပိဿာ ငွေကျပ် ၅၀၀၀ ရောင်းချရပြီး ပဲစင်းငုံတစ်တင်းလျှင် ပဲစင်းငုံပိဿာ ၂၀ ရှိကြောင်း တစ်တင်းလျှင် ငွေကျပ် ၉၅၀၀၀ ရောင်းချရခြင်း မနှစ်ကထက် ပဲစင်းငုံဈေးနှုန်းပေါ်ကာစ တစ်တင်းလျှင် ငွေကျပ် ၁ သိန်း ရောင်းချခဲ့ရကြောင်း ယခုနှစ်တွင် ကျေးလက်တောင်သူများ ပဲစင်းငုံ အထွက်ကောင်းကြောင်း သိရသည်။

(အပေါ်ပုံ) (၄၈၁)

# ကျေးလက်ဒေသများတွင် ဥစားကြက်သွန်နီများ စတင်စိုက်ပျိုးလျက်ရှိ

**နတ်မောက် ဇန်နဝါရီ ၁၂**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်အတွင်းရှိ ကျေးလက်ဒေသများတွင် ဆောင်းသီးနှံတစ်မျိုးဖြစ်သည့် ဥစားကြက်သွန်နီများ စတင်စိုက်ပျိုးလျက်ရှိသည်။

ကျေးလက်ဒေသများရှိ တောင်သူများသည် ယာမြေများတွင် ဥစားကြက်သွန်နီစိုက်ပျိုးမည်ဆိုပါက မြေမပြင်မီ နွားချေး၊ ဆိတ်ချေး၊ အမှိုက်ဆွေးများ ချထားပြီး မြေပြုပြင်ရကြောင်း၊ ထယ်ရေးအကြိမ်ကြိမ်ပြုပြင်ပြီးပါက ရေအစိုဓာတ်ကောင်းစေရန် မြေအောက်ရေပေးသွင်း၍ ဥစားကြက်သွန်နီစိုက်ပျိုးရန်အတွက် ပေါင်များပြုလုပ်ရကြောင်း၊ ပေါင်ပြုလုပ်ပြီးပါက ပျိုးပင်တစ်ပင်နှင့်တစ်ပင် တန်းကြား၊ ပင်ကြား ၃ လက်မအကွာထား၍ စိုက်ပျိုးရကြောင်း၊ စိုက်ပြီးပထမရက်တွင် မျက်နှာသစ်ရေအဖြစ် တစ်ကြိမ်ပေးသွင်းရကြောင်း၊ ၄၅ ရက်သားရှိပါက ပေါင်းမြက်များ ရှင်းလင်းရကြောင်း၊ အရွက်များ ပြာမှိုင်း၍ နွမ်းခွေလာလျှင် ရေထပ်မံပေးသွင်းရကြောင်း အင်းကုန်းကျေးရွာမှ စိုက်ပျိုးသူ ကိုစိုးဦးက ပြောသည်။



နတ်မောက်မြို့နယ်တွင် ဥစားကြက်သွန်နီများကို အင်းကုန်း၊ န/လက္ခပွင်၊ ကြူအိုင်၊ ပ/ကျားထူး၊ နဘူးကွဲ၊ ရွာမွန်၊ ဘုန်းတော်ပြည့်၊ အိုးဘိုကျေးရွာများတွင် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ) **မူမူစန်း**

# ဆောင်းသီးနှံအောင်မြင်ဖြစ်ထွန်းနေမှုများအား ကြည့်ရှု၍ နေကြာမျိုးစေ့ထုတ်တောင်သူများနှင့် တွေ့ဆုံ

**ပျဉ်းမနား ဇန်နဝါရီ ၁၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းသည် ရုံးချုပ်ညွှန်ကြားရေးမှူး ဦးဝင်းလှိုင်ဦး၊ နေပြည်တော် ဒုတိယတိုင်းဦးစီးမှူး တို့လိုက်ပါလျက် ဇန်နဝါရီ ၇ ရက် မွန်းလွဲပိုင်းက ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်အတွင်း ရာဂီမုန်တိုင်းအရှိန်ကြောင့် ပျက်စီးခဲ့သော လယ်ယာမြေများအပေါ် ပြန်လည်စိုက်ပျိုးထားရှိသော ဆောင်းသီးနှံများအား အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ရာ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက စိုက်ပျိုးထားရှိမှု အခြေအနေများအား ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် ပျဉ်းမနားမြို့နယ်၊ ငကောင်းကံ၊ မယ်ဇလီကုန်းကျေးရွာအုပ်စုများတွင် စိုက်ပျိုးထားရှိသော ဆောင်းနေကြာစိုက်ခင်းများအား ကြည့်ရှုကာ နေကြာမျိုးစေ့ထုတ်တောင်သူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။



(ယာပုံ)

**မြို့နယ်(ပြန်/ဆက်)**

# ကျေးလက်လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေး

**တောင်တွင်းကြီး ဇန်နဝါရီ ၁၂**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ပြည်ထောင်စု၊ တိုင်းဒေသကြီး ငွေလုံးငွေရင်း၊ပြင်ထိန်း၊အထွေထွေပိုလျှံရန်ပုံငွေဖြင့် ကျေးလက်လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှုအား မကွေးတိုင်းဒေသကြီး ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းမိုးထိုက်၊ မကွေးခရိုင်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးနေအောင်ဆန်းနှင့် တာဝန်ရှိသူများက ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကျေးလက်လမ်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးရာတွင် တိုင်းဒေသကြီး ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးဝင်းမိုးထိုက်က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီ လုပ်ငန်းပြီးစီးနိုင်ရေးနှင့် ဆောင်ရွက်လျက်ရှိသည့် ကျေးလက်လမ်းအား ကြည့်ရှုခဲ့ပြီး လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

တောင်တွင်းကြီးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ၂၀၂၄-၂၀၂၅ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု၊တိုင်းဒေသကြီး ငွေလုံးငွေရင်း၊ပြင်ထိန်း၊ အထွေထွေပိုလျှံ ရန်ပုံငွေ ၇၉၉ ဒသမ ၇၉၈သန်းဖြင့် မြေနီ(၁၉/၃ ဒသမ ၂)မိုင်၊ Box Culvert ၃ စင်း၊ ကွန်ကရစ်တံတား ၁၀ ပေ ၁ စင်း၊ မြေကာနံရံ ၁ စင်းအား လုပ်ငန်းတင်ဒါ၊ ပစ္စည်းတင်ဒါစနစ်ဖြင့် ဆောင်ရွက်လျက်ရှိပြီး ယခုအခါ လုပ်ငန်းအားလုံး၏ (၇၅)ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။ လုပ်ငန်းအားလုံး ဆောင်ရွက်ပြီးပါက ကျေးရွာ ၅၃ ရွာ၊ အိမ်ထောင်စု ၉၅၁၈ စု၊ လူဦးရေ ၅၀၀၅၀ ဦးတို့အတွက် စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် လမ်းပန်းဆက်သွယ်ရေး တို့တွင် အဆင်ပြေနိုင်မည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

**နောင်နောင်(မီသနီးမြေ)**



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြှင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ပိုမိုကောင်းမွန်သည့် လူ့အဖွဲ့အစည်းမှတစ်ဆင့် ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ် ရပ်တည်နိုင်ရန်အတွက် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် ကဏ္ဍများတွင် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်နေရန်လိုအပ်...

❖ ပညာရေးသည် အခြေခံဖြစ်သဖြင့် အဓိကကျ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား တွေ့ဆုံသြဝါဒစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## မဟာသကျမာရဇိန်ကျောက်တော်ကြီးဘုရား ၂၀၂၅ ခုနှစ် နှစ်သစ်ကူး အန္တရာယ်ကင်း ပရိတ်ရွတ်ဖတ်ပူဇော်ခြင်းအောင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကျင်းပ





**မန္တလေး ဇန်နဝါရီ ၁၂**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ အောင်မြေသာစံမြို့နယ် မဟာသကျမာရဇိန်ကျောက်တော်ကြီးဘုရား အာရုံခံတန်ဆောင်းတွင် ကျင်းပသည့် ၂၀၂၅ ခုနှစ် ကမ္ဘာ့နှစ်သစ်ကူး အခါသမယရက်မြတ်တွင် အန္တရာယ်ကင်းပရိတ်ကြီး ၁၁ သုတ်၊ မဟာသမယသုတ် ၇ သုတ်နှင့် ဥပ္ပါတသန္တိကျမ်းမြတ် ၁၁ ရက် တိုင်တိုင်ရွတ်ဖတ်ပူဇော်ခြင်းအောင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါအာရုံခံတန်ဆောင်း၌ ကျင်းပရာ မဟာသကျမာရဇိန် ကျောက်တော်ကြီးဘုရား ဂေါပကအဖွဲ့သြဝါဒါစရိယ၊ အောင်မြေသာစံမြို့နယ်၊ အရှေ့ခင်မကန်တိုက် တိုက်အုပ်၊ ပုဂံကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုဇနအမှူးပြု၍ ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဝတ်အသင်းများ၊ အလှူရှင်များနှင့် ဧည့်ပရိသတ်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီးနောက် အရှေ့ခင်မကန်တိုက် ပုဂံကျောင်းဆရာတော်ထံမှ ငါးပါးသီလကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့၊ တက်ရောက်လာသူများက ခံယူဆောက်တည်ကြပြီးနောက် ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်ဒေသနာတော်မြတ်တို့ကို နာယူကြည်ညိုကြသည်။

ဆက်လက်၍ အရှေ့ခင်မကန်တိုက် ပုဂံကျောင်းဆရာတော်ထံ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းပြီးနောက် လှူဒါန်းမှုအစုစုအတွက် မဟာသကျမာရဇိန်ကျောက်တော်ကြီးဘုရားဂေါပကအဖွဲ့သြဝါဒါစရိယ၊ အောင်မြေသာစံမြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ အရှေ့ခင်မကန်တိုက်၊ ကထိန်တော်ကျောင်းဆရာတော် ဘဒ္ဒန္တပညာသီရိဘိဝံသထံမှ အနုမောဒနာနှင့် ရေစက်သွန်းတရားနာယူကြည်ညိုကြသည်။

၄င်းနောက် မဟာသကျမာရဇိန်ကျောက်တော်ကြီးဘုရားဝတ်အသင်းမှ တရားနာပင့်ဖိတ်ထားသော နတ်၊ ဗြဟ္မာများအား ပြန်လည်ပို့သပြီး ဇယမင်္ဂလာဗောဓိယာမူလေအစရှိသော အောင်ဂါထာတော် သုံးကြိမ်ရွတ်ဆို ဆုတောင်းကြသည်။

ထို့နောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အရှေ့ခင်မကန်တိုက် ပုဂံကျောင်းဆရာတော်အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့၊ အလှူရှင်များက ဆွမ်းဆန်စိမ်းများလောင်းလှူခဲ့ကြကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

## ရတနာပုံကို အနိုင်ယူကာ အဆင့် ၂ သို့ တက်ရောက်ခဲ့သည့် ဟံသာဝတီယူနိုက်တက်



ယနေ့ညနေက သုဝဏ္ဏကွင်း၌ ကစားခဲ့သည့် ရတနာပုံအသင်းနှင့် ဟံသာဝတီယူနိုက်တက်တို့ပွဲတွင် ဟံသာဝတီယူနိုက်တက်အသင်းက နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဟံသာဝတီယူနိုက်တက်အသင်းအတွက် ဂိုးများကို ပွဲချိန် ၇၇ မိနစ်တွင် အောင်မြတ်သူ၊ ပွဲချိန် ၉၀+၁ မိနစ်တွင် ဝင်းမိုးကျော်တို့က သွင်းယူပေးခဲ့ပြီး ရတနာပုံအသင်းအတွက် ဂိုးကို ပွဲချိန် ၅၉ မိနစ်တွင် ပြည်မိုးက သွင်းယူပေးခဲ့သည်။

ယနေ့ပွဲအပြီးတွင် ဟံသာဝတီယူနိုက်တက်အသင်းသည် ရမှတ် ၃၆ မှတ်ဖြင့် အဆင့် ၂ သို့ တက်လှမ်းနိုင်ခဲ့ပြီး ရှုံးနိမ့်ခဲ့သည့် ရတနာပုံအသင်းသည် ရမှတ် ၁၉ မှတ်ဖြင့် အဆင့် ၇ တွင် ဆက်လက်ရပ်တည်ခဲ့သည်။

အခြားပွဲစဉ်အဖြစ် ရှမ်းယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်းတို့ပွဲစဉ်တွင်လည်း ရှမ်းယူနိုက်တက်အသင်းက သစ္စာအားမာန်အသင်းအား သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

(NGB)